The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-11-2014) (၀၀၁၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော်  နိုဝင်ဘာ  ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှုဆိုင်ရာ မိတ်ဖက်ပြုမှုခိုင်မာစေရေးဆွေးနွေးပွဲနှင့် အေပက်စီးပွားရေးခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ချုပ်ပြီး လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးစားနေ

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုဝင်ဘာလအတွက် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း အောက်တိုဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ဒီလအတွက် ပထမဆုံး ပြောကြားလိုတဲ့ ကိစ္စရပ်ကတော့ မကြာမီရက်ပိုင်းကမှ ကျင်းပပြုလုပ်ခဲ့တဲ့ အဓိက နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့ မတူညီတဲ့ အမြင်တွေ၊ ကွဲပြားတဲ့တုံ့ပြန်မှုတွေကို လက်ခံကြရမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲ ကျင်းပရတာနဲ့ ပတ်သက်ပြီးတော့ အဖွင့်မိန့်ခွန်းမှာ ကျွန်တော်ပြောကြားခဲ့တဲ့အတိုင်း အမျိုးသားအင်အားစုများ အားလုံးကြုံတွေ့နေရတဲ့ နိုင်ငံရေးစိန်ခေါ်မှုတွေကို လက်တွဲဖြေရှင်းဖို့နဲ့ စုပေါင်းပြီး နည်းလမ်းများရှာဖွေဖို့ အဓိကရည်မှန်းချက်ထားပြီး ဖိတ်ခေါ်ကျင်းပခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ နည်းလမ်းများ ရှာဖွေတဲ့အခါမှာလည်း ကျွန်တော်မကြာခဏ ပြောလေ့ရှိတဲ့ နိုင်ငံရေးအင်အားစုအချင်းချင်း အပြန်အလှန်ဖယ်ထုတ်ဖို့ ကြိုးစားတဲ့ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းတွေကနေ စားပွဲဝိုင်းမှာ စေ့စပ်ဆွေးနွေးအဖြေရှာရေးဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်အရ ဆွေးနွေးအဖြေရှာကြဖို့ အစပြုကြိုးပမ်းအကောင်အထည်ဖော်ခြင်းပဲဖြစ်ပါတယ်။

**ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းစဉ်များဟာ မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မရှိမဖြစ် အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်။**

ကျွန်တော့်အနေနဲ့ ဒသမအကြိမ်မြောက်ကျင်းပတဲ့ အာရှဥရောပထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ မီလန်မြို့မှာ တက်ရောက်ခဲ့ပါတယ်။ ဒီလိုတက်ရောက်ရတဲ့အကြောင်းကတော့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းနဲ့ ပြန်လည်ချိတ်ဆက်နေတဲ့အချိန်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာရဲ့ ယုံကြည်မှုပိုမိုတိုးတက်လာတာနဲ့အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာဆိုင်ရာ အကူအညီများပိုမိုတိုးတက်လာစေဖို့ပဲဖြစ်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော်  နိုဝင်ဘာ  ၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်သမ္မတသည် ပင်မဝင်ပေါက်၌ အာဆီယံထိပ်သီးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးတက်ရောက်ကြမည့် နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုနှုတ်ဆက်မည့်နေရာတွင် ပြင်ဆင်ထားရှိမှုအား ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံးထိပ်သီးအစည်းအဝေး ကျင်းပမည့် ပတ္တမြားခန်းမ၌ ကြိုတင်ပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများ ကျင်းပမည့် နီလာခန်းမနှင့် မြခန်းမ၊ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကျင်းပမည့် အခန်းအမှတ်(၂၀၁၈)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၅-၁၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# နိုင်ငံတော်နှင့် နိုင်ငံသားများဂုဏ်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီးနောက် နှစ်ပေါင်း ၃၀ အကြာ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် လာအိုနိုင်ငံနှင့်အတူ မြန်မာနိုင်ငံလည်း အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။

အာဆီယံစတင်ဖွဲ့စည်းစဉ်မှ နှစ်များစွာကြာသည့်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဝင်ခွင့်ရခဲ့သည်မှာ ထိုအချိန်က ကမ္ဘာနှင့် မြန်မာအခြေအနေ၊ ခေတ်စနစ်အခြေအနေတို့အရ မဖြစ်သော်လည်း အဖွဲ့ဝင်ဖြစ်ပြီး ကာလနောက်ပိုင်းတွင်မူ တစည်းတလုံးတည်းရှိသော အာဆီယံအဖွဲ့ကြီးအဖြစ် ပေါ်ပေါက်လာစေမည့် အတွေးအမြင်ကို မြန်မာကပင် စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအာဆီယံအဖွဲ့ဝင်ဖြစ်ပြီးနောက် ၁၇ နှစ်အကြာ ယခုနှစ်ကာလများအတွင်း အာဆီယံဉက္ကဋ္ဌတာဝန်ကိုရယူ၍ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များသာမက ဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်များ တိုးတက်ဖြစ်ပေါ်ရေးတို့ကို ဦးဆောင်ဦးရွက်ပြုပေးနေရသည်မှာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်နှင့် ပြုပြင်ပြောင်းလဲမှုများကို စိန်ခေါ်မှုများစွာဖြင့် ဖြတ်သန်းနေရဆဲ ကာလများအတွင်း အာဆီယံနိုင်ငံများအားလုံးနှင့် ဒေသတွင်းနိုင်ငံများနှင့်ပါ တစည်းတလုံးတည်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အပြင် ယခုကမ္ဘာ့နိုင်ငံများနှင့် အာဆီယံဦးဆောင်သူအခန်းကဏ္ဍတွင်ပါ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ခြင်းမှာ အံ့ဩဖွယ်ရာပင်ဖြစ်သည်။

တစ်ဆက်တည်းတွင် အာဆီယံဉက္ကဋ္ဌတာဝန်ယူပြီး ဆက်စပ်အစည်းအဝေးများသာမက ထိပ်သီးအစည်းအဝေးများကို ယခုနှစ်မေလတွင်တစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး ယခုလတွင်တစ်ကြိမ် ထပ်မံ ကျင်းပပေးနိုင်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံအချင်းချင်းအောင်မြင်သော စွမ်းဆောင်နိုင်မှုများကြောင့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ကျေနပ်နှစ်သက်ချီးကျူးမှုများကို ထပ်မံရရှိဦးမည်ဟု ယုံကြည်ပါသည်။

မကြာမီကျင်းပတော့မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ ဆွေးနွေးဖက်ဆက်စပ်အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများသည် အာဆီယံဉက္ကဋ္ဌအဖြစ်တာဝန်ယူထားသည့် မြန်မာနိုင်ငံအတွက် အပြီးသတ်အစည်းအဝေးများဖြစ်ပါသည်။ ထိုအစည်းအဝေးများကို အောင်မြင်စွာကျင်းပပေးနိုင်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကို ချထားပေးခြင်းဖြစ်ရာ မြန်မာနိုင်ငံအတွက်သာမက အခြားနိုင်ငံများအတွက်ပါ အကျိုးသက်ရောက်မှုများစွာ ရှိပေလိမ့်မည်။

ထိုသို့မျှော်မှန်းချက်ကြီးမားသည့် လုပ်ဆောင်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ရာရောက်ပေသည်။ အိမ်ရှင်နိုင်ငံအဖြစ် လုပ်နိုင်စွမ်းရှိမှုကို ပြသနိုင်ရန်ဖြစ်သည်။ ထိုသို့ပြသနိုင်ရန်အတွက်လည်း နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။ သက်ဆိုင်သူများရော နိုင်ငံသားအားလုံးကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ဖြစ်ပါသည်။

နှစ်ပေါင်းများစွာကြာမြင့်ပြီးမှ ရရှိလာသော နိုင်ငံတကာအခွင့်အရေးတစ်ရပ်ကို အသွင်ကူးပြောင်းမှုကာလတွင် ထိထိရောက်ရောက် ဆောင်ရွက်ခြင်းသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးကိစ္စရပ်တစ်ခုအဖြစ် မှတ်ယူထားကြရမည်။ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ကောင်းသည့်နိုင်ငံအဖြစ် ပြသကြဖို့ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံက တာဝန်ယူကျင်းပပေးနေသည့် အာဆီယံအစည်းအဝေးများသည် မြန်မာတို့၏ စွမ်းဆောင်ရည်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဂုဏ်သိက္ခာနှင့် နိုင်ငံအခြေအနေမြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများဖြစ်၍ နိုင်ငံသားအားလုံး သမိုင်းပေးတာဝန်အဖြစ်မှတ်ယူပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ကျေးရွာသစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ အုပ်ချုပ်မှုဒါရိုက်တာ Mr.Nam Kwon Hyoung၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး Mr. Daniel Zonshine တို့နှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရွာမကျေးရွာသို့သွားရောက်ပြီး ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့အတူ ဇီးကုန်းကျေးရွာ၌လည်း ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါကျေးရွာများ၌ ပြည်ထောင်စုဝန်ကြီးက ကျေးရွာသစ်အကောင်အထည်ဖော်ရေး စီမံကိန်းများကို ရှင်းလင်းပြောကြားရာတွင် ကိုရီးယား-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အနေဖြင့် KOICA မှ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၁၀၀ အား တစ်ပြိုင်တည်း ကျေးရွာသစ်စီမံကိန်းဖြင့် အထောက်အပံ့များဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် ကိုရီးယားအစိုးရတို့ ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ကိုရီးယားအစိုးရဘက်မှ လိုအပ်သောငွေကြေးနှင့် နည်းပညာအကူအညီအပါအဝင် ပညာရှင်များစေလွှတ်၍ ကျေးရွာများ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ပေးသွားမည်ဖြစ်ကြောင်း။

ဦးစားပေးလုပ်ငန်းအဖြစ် ကျေးရွာလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများကို ရာသီမရွေးသွားလာနိုင်ရေးအတွက် အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး KOICA မှ အုပ်ချုပ်မှုဒါရိုက်တာက ဤစီမံကိန်းများ အကောင်အထည်ဖော်ပြီးပါက ကျေးရွာလူထုအတွက် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုအကျိုးရရှိစေမည်ဖြစ်ပြီး အိမ်ထောင်စုတစ်စုချင်း၊ လူတစ်ဦးချင်းအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဝင်ငွေတိုးတက်ရေးအတွက် အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင် စေလွှတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၀ နှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၃၃၈ ဦး စုစုပေါင်းပညာသင် ၃၆၈ ဦးကို ပြည်ပနိုင်ငံ ၂၂ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အောက်တိုဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

(ကြေးမုံ)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၄၃၀၀ | - | ၆၄၅၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၄၀၀၀ | - | ၆၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၀၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၇. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၇၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၂. ၁၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၄. ၈၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၉၈၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၂. ၈၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉. ၆၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း





# မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေဖန်တီးပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

❖ **ရွှေဖုံးမှ**

အခုလက်ရှိလုပ်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များဟာ မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မရှိမဖြစ် အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ လက်ရှိမှာ အဓိက တိုင်းရင်းသားလက်နက်ကိုင်အင်အားစုအားလုံးပါဝင်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်ချုပ်ပြီး လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီလိုစာချုပ်ချုပ်ဆိုနိုင်မယ်ဆိုရင် နှစ်ဖက်တပ်တွေအနေနဲ့ လိုက်နာစောင့်စည်းရမယ့်ကျင့်ဝတ်တွေကို သတ်မှတ်နိုင်မှာဖြစ်ပြီးတော့ တိုက်ခိုက်မှုတွေနဲ့ ထိပ်တိုက်တိုးမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ အဓိကအကျိုးကျေးဇူးကတော့ ပဋိပက္ခဖြစ်ပွားနေတဲ့ နေရာဒေသတွေကပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ လူမှုဘဝတွေကို ထိခိုက်ပျက်စီးစေတဲ့ ကိစ္စရပ်များစွာကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ဒီစာချုပ်ချုပ်ဆိုနိုင်ခြင်းဟာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ဖို့ အခိုင်မာဆုံးအခြေခံဖြစ်ပြီး နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ကျယ်ပြန့်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ဒီနိုင်ငံရေးဆွေးနွေးပွဲများကသာ ဆောင်ကြဉ်းနိုင်မှာ ဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ ရခိုင်ပြည်နယ်အရေးနဲ့ဆက်စပ်ပြီး လက်ရှိအခြေအနေများကို ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်မှာတင်မဟုတ်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာ မှီတင်းနေထိုင်ကြတဲ့ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနဲ့မသက်ဆိုင်ဘဲ လူသားတစ်ဦးအတွက် ရသင့်ရထိုက်တဲ့ လူ့ဂုဏ်သိက္ခာနဲ့ ထိုက်တန်တဲ့ အခြေခံလူ့အခွင့်အရေးတွေရရှိဖို့ အရေးကြီးပါတယ်။ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် အစိုးရအဖွဲ့အနေနဲ့ အစီအမံများ ချမှတ်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် လူ့အဖွဲ့အစည်းနှစ်ရပ်အတွင်း တင်းမာမှုများ၊ စိတ်ခံစားမှုများ အလွန်မြင့်တက်နေချိန်မှာ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အထူးဂရုစိုက် ကိုင်တွယ်ဆောင်ရွက်နေရပါတယ်။ ပဋိပက္ခဖြစ်ပွားအောင် ဖန်တီးလှုံ့ဆော်သူတွေနဲ့ ပြစ်မှုကျူးလွန်သူတွေကိုလည်း ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်နေပြီး ပဋိပက္ခများနောက်ထပ်ထပ်ပြီးမဖြစ်ပွားစေဖို့အတွက်လည်း ပဋိပက္ခကြိုတင်ကာကွယ်တားဆီးရေး အစီအမံတွေ ဆောင်ရွက်ထားကြောင်း ပြောကြားလိုပါတယ်။

လက်ရှိမှာ ပြဿနာပြေလည်စေရေးအတွက် အရေးကြီးအဆင့်တစ်ဆင့်ဖြစ်တဲ့ နိုင်ငံသားဖြစ်သင့်သူများ နိုင်ငံသားဖြစ်ရေးအတွက် နိုင်ငံသားစိစစ်ရေးဆောင်ရွက်မှုကိစ္စကို ဒေသခံလူ့အဖွဲ့အစည်းများရဲ့အကူအညီကို ရယူဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံလို ဒီမိုကရေစီစတင်အုတ်မြစ်ချနေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် မီဒီယာများရဲ့အခန်းကဏ္ဍဟာလည်း အလွန်ပဲအရေးကြီးပါတယ်။ အထူးသဖြင့် မီဒီယာများအနေနဲ့ မိမိဖော်ပြတဲ့သတင်းတွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ မျှတစွာဖော်ပြခြင်း စတဲ့မီဒီယာကျင့်ဝတ်များနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အရည်အသွေးပြည့်ဝတဲ့ မီဒီယာများ၊ သတင်းကျင့်ဝတ်ကို လိုက်နာသည့် မီဒီယာများဖြစ်ပေါ်လာစေဖို့ မီဒီယာများကဆောင်ရွက်နေသလို အခြားတစ်ဖက်မှာလည်း မီဒီယာအခွင့်အရေးများကို တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)လို အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတဲ့အကြောင်း အသိပေးပြောကြားလိုပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်အောင် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအကြားမှာ အားလုံးအတူတကွ ကြိုးပမ်းတည်ဆောက်နေရတဲ့ ယခုလိုအချိန်မျိုးမှာ တစ်မျိုးသားလုံးအတွက် အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဖွယ်ကိစ္စတစ်ခုပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ အသက်(၂၀)အောက် မြန်မာလူငယ်ဘောလုံးအသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်မှုပဲဖြစ်ပြီး ဒီအောင်ပွဲဟာ ကျွန်တော်တို့နိုင်ငံအတွက် ပျော်ရွှင်မှုတွေ၊ ခွန်အားတွေကို သယ်ဆောင်လာခဲ့ပါတယ်။ ဒီအောင်ပွဲဟာ ကျွန်တော်တို့အားလုံး ဂုဏ်ယူရမယ့်သမိုင်းဖြစ်တဲ့အတွက် လူငယ်တွေရဲ့အားထုတ်မှုကို မြန်မာတစ်မျိုးသားလုံးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်လောင်းပြောကြားလိုတဲ့ ကိစ္စရပ်များကတော့ လက်ရှိဖြစ်ထွန်းနေတဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနဲ့ နိုင်ငံရေးဖြစ်စဉ်ကို အဆင့်ဆင့် ဆက်လက်ရှင်သန်ဖြစ်ထွန်းစေဖို့၊ ဒီဖြစ်ထွန်းမှုတွေကနေ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေးနဲ့ ပွင့်လင်းလွတ်လပ်တဲ့ မြန်မာ့လူ့အဖွဲ့အစည်း၊ ကျွန်တော်တို့နိုင်ငံအတွက် အထူးလိုအပ်နေတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရရှိဖို့အတွက် လက်ရှိရရှိထားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်ဆင့်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဓိကအဆင့်တစ်ဆင့်အနေနဲ့ ဖြတ်သန်းရမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး စတဲ့ စိန်ခေါ်မှုများပဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် မိမိတို့အချင်းချင်း တွေ့ဆုံဆွေးနွေးပြီး နည်းလမ်းများစုပေါင်းရှာဖွေဖို့ အလွန်အရေးကြီးတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါကြောင့် အခုလို အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်အသက်ဝင်ရှင်သန်ရေးအတွက် ကျွန်တော်တို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။**

☆ **နိုင်ငံတော်သမ္မတမှ**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နိုင်ငံ့ခေါင်းဆောင်များနားနေခန်း၊ တွေ့ဆုံခန်းနှင့် ညစာစားပွဲ မတိုင်မီ နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုနှုတ်ဆက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။


ထို့နောက် ကျောက်စိမ်းခန်းမ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ အစီအစဉ်၊ ဂုဏ်ပြုညစာစားပွဲအခမ်းအနားအစီအစဉ်နှင့် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲနှင့် အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပွဲ အစီအစဉ် ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးရာ ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည့် ဧည့်သည်တော်များ တည်းခိုနိုင်ရန် ဟိုတယ်များကြိုတင်ပြင်ဆင်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နေပြည်တော်၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၇ ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**










# ဘင်ဂါဇီမြို့ဆိပ်ကမ်းနယ်မြေ၌ တိုက်ပွဲများပြင်းထန်

**ဘင်ဂါဇီ နိုဝင်ဘာ ၄**

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့တွင် နိုဝင်ဘာ ၃ ရက်က ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ပွဲများမှာ အစ္စလာမ္မစ်စစ်သွေးကြွများထံမှ နယ်မြေပြန်လည်သိမ်းယူရန် လစ်ဗျားအစိုးရတပ်ဖွဲ့များက ကြိုးပမ်းမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တိုက်ပွဲများကြောင့် ဘင်ဂါဇီမြို့ ဆိပ်ကမ်းမှ သင်္ဘောတစ်စင်း ထိမှန်ခံရပြီး ယင်းဆိပ်ကမ်းမှ မီးခိုးများထွက်ပေါ်လာသည်ကို မြင်တွေ့နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အယ်လ်ဆာဘရီခရိုင်အတွင်း၌ နေထိုင်သူများအား လစ်ဗျားအစိုးရတပ်ဖွဲ့က အဓိကစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲရန်ရှိသဖြင့် နိုဝင်ဘာ ၃ ရက် မွန်းတည့်ချိန်တွင် ယင်းဒေသမှ ဘေးလွတ်ရာသို့ ထွက်ခွာတိမ်းရှောင်ရန် သတိပေးခဲ့သည်။

ဘင်ဂါဇီမြို့တွင် လစ်ဗျားစစ်တပ်က ယခင်လကတည်းကစတင်ခဲ့သော ထိုးစစ်များကြောင့် ပြည်သူ ၂၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

ခေါင်းဆောင် ဗိုလ်မှူးကြီးကဒါဖီအား ရာထူးမှ ဖယ်ရှားပြီးကတည်းကပင် လစ်ဗျားနိုင်ငံမှာ ကသောင်းကနင်းဖြစ်လျက်ရှိသည်။

**ဖြန့်ကြက်ထား**

နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ဘင်ဂါဇီမြို့ ဆိပ်ကမ်းဒေသ၌ ပြင်းထန်သော တိုက်ခိုက်မှုများ စတင်ဖြစ်ပွားပြီး လစ်ဗျားစစ်ဘက်က တင့်ကားများနှင့်အမြောက်ကြီးများကို ဖြန့်ကြက်ချထားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

အစ္စလာမ္မစ်စစ်သွေးကြွများက ပစ်ခတ်လိုက်သော ဒုံးကန်အားသုံး လက်ပစ်ဗုံးတစ်လုံးက ရေနံတင်သင်္ဘောတစ်စင်းအား ထိမှန်၍ မီးလောင်ကျွမ်းခဲ့ကြောင်း လစ်ဗျားစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ သို့သော် မျက်မြင်တွေ့ရှိသူများ၏ အဆိုအရ ယင်းတိုက်ပွဲအတွင်း ရေတပ်သင်္ဘောတစ်စင်း ထိမှန်ခဲ့သည်ဟုဆိုသည်။

**ဘီဘီစီ။**



*ဘင်ဂါဇီမြို့၌ လစ်ဗျားအစိုးရတပ်ဖွဲ့နှင့် စစ်သွေးကြွအဖွဲ့များအကြား တိုက်ခိုက်မှုများကို တွေ့ရစဉ်။*

# အနံ့ဆိုးကြောင့် ဗာဂျင်း ဩစတြေးလျလေယာဉ် နောက်ကြောင်းပြန်လှည့်ရ

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ပျံသန်းသော ဗာဂျင်း ဩစတြေးလျမှ လေယာဉ်တစ်စင်းသည် လေယာဉ်ပေါ်မှ ရေထွက်ပြွန်ယိုစိမ့်မှုကြောင့် လော့စ်အိန်ဂျလိစ်မြို့သို့ ပြန်လည်ဆင်းသက်ခဲ့ရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခရီးသည်များက မခံမရပ်နိုင်သောအနံ့ဆိုးကို ရရှိကြောင်း တိုင်ကြားကြပြီး လေကြောင်းလိုင်းက မည်သို့ပင်ငြင်းဆိုသည်ဖြစ်စေ လူ့အညစ်အကြေးများမှာ လူသွားလမ်းစင်္ကြံအထိရောက်ရှိကြောင်း ပြောကြားကြသည်။

ခရီးသည် အားလုံးနေသာထိုင်သာရှိစေရန်အတွက် လေယာဉ်ကို ပြန်လှည့်ခဲ့ခြင်းဖြစ်ကြောင်း ဗာဂျင်း ဩစတြေးလျလေကြောင်းလိုင်းက ပြောသည်။

ခရီးသည်များ အန္တရာယ်ဖြစ်စေသောအမှုကိစ္စများကို မည်သည့်အခါမျှ မပြုလုပ်ပါဟု လေကြောင်းလိုင်းက ပြောသည်။

သို့သော်လည်း ပြဿနာပေါ်ပေါက်ရခြင်း၏ အကြောင်းရင်းကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။

ဆစ်ဒနီမြို့ပြီးသည့်နောက် ခရီးဆက်ရမည့် ခရစ်ချက်မြို့ဌာနေတစ်ဦးက မခံစားနိုင်လောက်သည်အထိ အနံ့ဆိုးလှသည်ဟု ပြောသည်။

လူ့အညစ်အကြေးများ လူသွားစင်္ကြံလမ်းပေါ်အထိ ရောက်ရှိနေသည်ကို ၎င်းတို့ အထင်အရှား တွေ့မြင်ရကြောင်း ဂျူလီယာမောလေး က နယူးဇီလန်ရေဒီယိုသို့ ပြောသည်။

ဗာဂျင်း လေကြောင်းလိုင်းကမူ လေယာဉ်ပေါ်မှ သန့်စင်ခန်းက ယိုထွက်မှုများရှိသည်ဆိုသည်မှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။ **ဘီဘီစီ။**



# အီဂျစ်-အီသီယိုးပီးယား ကုန်သွယ်ရေး သဘောတူညီမှု နိုင်းမြစ်ပြဿနာ ပြေလျော့

**အဒစ္စဘာဘာ နိုဝင်ဘာ ၄**

အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကုန်သွယ်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြခြင်းသည် နိုင်းမြစ်ရေအသုံးပြုမှုကို အကြောင်းပြု၍ နှစ်နိုင်ငံအကြား သံတမန်ရေးရာ တင်းမာမှုများကို ပြေလျော့သွားစေခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘလူးနိုင်းမြစ်ပေါ်တွင် ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံကုန်ကျမည့် ရေအားလျှပ်စစ်ဆည်တစ်ခုကို တည်ဆောက်မည့် အီသီယိုးပီးယား၏ စီမံကိန်းကြောင့် နှစ်နိုင်ငံအကြား မသင့်မြတ်မှုများ ပေါ်ပေါက်လာခဲ့ရသည်။

**အံ့အားသင့်**

၂၀၁၃ ခုနှစ်တွင် "ဂရင်းရီနိုင်းဘင့်"ဆည်ကြီး တည်ဆောက်ရန် ဘလူးနိုင်းမြစ်ရေလမ်းကြောင်း စတင်လွှဲပြောင်းသည့်အခါ အီဂျစ်နိုင်ငံမှာ အံ့အားသင့်ခဲ့ရသည်။

၎င်းမြစ်သည် အီဂျစ်နိုင်ငံက မှီခိုနေရသည့် နိုင်းမြစ်၏ မြစ်လက်တက်ဖြစ်သည်။

**လက်မှတ်ရေးထိုး**

အီသီယိုးပီးယားနိုင်ငံ မြို့တော်အဒစ္စဘာဘာ၌ ကျင်းပသော ဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ သဘောတူညီချက်ပေါင်း ၂၀ ကျော်ကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆွေးနွေးပွဲ၌ အစိုးရထိပ်တန်းတာဝန်ရှိသူများက ဆည်တည်ဆောက်မှုကြောင့် သုံးနှစ်ကြာ အငြင်းပွားမှုကို ဖြေရှင်းရန် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**



*အီဂျစ်နိုင်ငံ နိုင်းမြစ်အတွင်း ဆည်တမံတည်ဆောက်မှုကို တွေ့ရစဉ်။*

# ကော့စတာကွန်ကောဒီးယား သင်္ဘောပျက်တွင်း၌ သေဆုံးနေသူတစ်ဦးအား ရှာဖွေတွေ့ရှိရ

**ရောမ နိုဝင်ဘာ ၄**

၂၀၁၂ ခုနှစ်က တိမ်းမှောက်ခဲ့သော ခရီးသည်တင်သင်္ဘော ကော့စတာကွန်ကောဒီးယား၌ ကြွင်းကျန်ရစ်သော လူသေအလောင်းကို ရှာဖွေတွေ့ရှိခဲ့ရာ ယင်းမှာ အဆိုပါသင်္ဘောနစ်မြုပ်မှု၌ ဘေးဒုက္ခသင့်ခဲ့သူများထဲမှ နောက်ဆုံးသူဖြစ်မည်ဟု ယုံကြည်ရကြောင်း အီတလီအစိုးရတာဝန်ရှိသူက ပြောကြားသည်။

သင်္ဘောဆယ်တင်ရေးလုပ်ငန်းမှ လုပ်သားများက အဆိုပါရုပ်အလောင်းအား အခန်းတစ်ခုထဲ၌တွေ့ရှိခဲ့ပြီး ယင်းရုပ်အလောင်းမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ရန် အာဏာပိုင်များထံ လွှဲပေးခဲ့သည်။

ယခုတွေ့ရှိရသော ရုပ်အလောင်းမှာ အိန္ဒိယလူမျိုး စားပွဲထိုး ရပ်ဆယ်ရီဘယ်လိုဟု ၎င်းတို့က ယုံကြည်ကြပြီး ၎င်းမှာ သင်္ဘောပျက်အတွင်းမှ ပြန်လည်ရှာဖွေတွေ့ရှိရသော ၃၂ ဦးမြောက်နှင့် နောက်ဆုံးသူလည်းဖြစ်သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်းက အီတလီနိုင်ငံ ဂီဂျယ်လိုကျွန်းအနီး၌ သန္တာကျောက်တန်းကို ဝင်တိုက်မိကာ ကော့စတာကွန်ကောဒီးယားသင်္ဘောကြီး တစ်စိတ်တစ်ပိုင်း နစ်မြုပ်သွားခြင်းဖြစ်သည်။

နစ်မြုပ်နေသော ကော့စတာကွန်ကောဒီးယား သင်္ဘောကြီးအား ယခုနှစ် ဇူလိုင်လအတွင်းက နောက်ဆုံးအကြိမ် ဆယ်ယူနိုင်ပြီး ဂျီနိုအာသို့ ဆွဲယူသွားကာ အစိတ်အပိုင်းများအဖြစ် ဖြုတ်သိမ်းပစ်မည်ဖြစ်သည်။ **ဘီဘီစီ။**

*၂၀၁၂ ခုနှစ်အတွင်းက နစ်မြုပ်သွားခဲ့သော ခရီးသည်တင်သင်္ဘော ကော့စတာကွန်ကောဒီးယားအား တွေ့ရစဉ်။*



# အာဂျင်တီးနားက ပီအန်ဂျီကို အခွန်လိမ်၍ လုပ်ငန်းရပ်ဆိုင်း

**ဗျူနိုစ်အေရီ နိုဝင်ဘာ ၄**

အာဂျင်တီးနားအစိုးရသည် စားသောက်ကုန်စည်ထုတ်လုပ်သော ပရော့တားအန်ဂမ်းဘဲလ်(ပီအန်ဂျီ) ကုမ္ပဏီကြီးကို အခွန်လိမ်လည်သည်ဟု စွပ်စွဲပြီး ၎င်း၏နိုင်ငံအတွင်း၌ စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းကို တားမြစ်လိုက်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့တွင် သမ္မတရုံးဝက်ဘ်ဆိုက်၌ ဖော်ပြထားသည့် ကြေညာချက်မှာ ပီအန်ဂျီသည် ၎င်း၏နိုင်ငံမှငွေများကို ပြည်ပသို့ ထုတ်ယူရန် ကြိုးပမ်းသောအားဖြင့် သွင်းကုန်ပစ္စည်းများ၏ တန်ဖိုးကို ဒေါ်လာ ၁၃၈ သန်းအထိ မြှင့်တင်ထားခဲ့သည်ဟု ဖော်ပြထားသည့်အပြင် အခွန်လိမ်လည်မှု ပြုလုပ်ခဲ့သည်ဟုလည်း စွပ်စွဲထားသည်။

အမေရိန်ကန်ပြည်ထောင်စု၌ အခြေစိုက်သည့် ပီအန်ဂျီမှ သဘောထား တုံ့ပြန်ပြောဆိုမှု မရရှိသေးကြောင်း ဘီဘီစီက ပြောသည်။

အာဂျင်တီးနား ပြည်သူ့အခွန်တော်ဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ပီအန်ဂျီအပေါ် စွပ်စွဲချက် အသေးစိတ်များကို အမေရိကန်နိုင်ငံ အခွန်ဌာနသို့ ပေးပို့ထားသည်ဟု ဖော်ပြသည်။ **ဘီဘီစီ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံရှိ တင့်ကားပြင်ဆင်ရေးအလုပ်ရုံ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ Borisov City ရှိ 72 Combined Training Centre သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကျောင်းအုပ်ကြီး Major General Gnilozub Valeriy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကျောင်းဌာနချုပ် လေ့ကျင့်ရေးကွင်းတွင် တင့်ကားများ၏ ပစ်ခတ်မှုစွမ်းရည်များ၊ ခရီးကြမ်းမောင်းနှင်မှုစွမ်းရည်များကို သရုပ်ပြလေ့ကျင့်ပြသသည်။ ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် (OAO 140 Repair Plant) တင့်ကားပြင်ဆင်ရေးအလုပ်ရုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး Mr. Vorisnov Sergery Blagimirorich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် အစည်းအဝေးခန်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ Lt.Gen Gurulev Sergey Petrorich ဦးစီးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းမွန်ခဲ့ကြောင်းနှင့် ယခုခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ ထပ်မံတိုးချဲ့နိုင်ရန် ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် အပြန်အလှန်ပြောကြားခဲ့သည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် တင့်ကား ပြင်ဆင်ရေးအလုပ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ယာဉ်၊ ယန္တရားများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ တင့်ကားပြင်ဆင်ရေးအလုပ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ယာဉ်များကို ကြည့်ရှုလေ့လာစဉ်။

(မြဝတီ)





## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၄**

ကလေးသူငယ်များ၏ လူမှုဘဝ လုံခြုံမှုမြင့်မားစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသော Save the Children မှ စီစဉ်ကျင်းပသည့် ကလေးသူငယ် အခွင့်အရေးနှင့် ကလေးသူငယ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် လိုအပ်ချက်များ၊ အကျိုးသက်ရောက်မှုများ ဆိုင်ရာ နယ်ပယ်အရပ်ရပ်တွင် မီဒီယာများ၏ ကူညီပံ့ပိုးနိုင်မှုနယ်ပယ်နှင့် ဆက်စပ်သော အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ Global Grace ဟိုတယ်၌ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရုပ်သံ၊ ရေဒီယိုနှင့် ပုံနှိပ်မီဒီယာများမှ ကိုယ်စားလှယ် ၂၀ ဦးတက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးကြရာတွင် ကလေးသူငယ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်သည့် နိုင်ငံသားဖြစ်ခွင့်၊ ခိုလှုံရာနေရာရရှိခွင့်၊ ကလေးများအတွက် အကောင်းဆုံးသော အကျိုးစီးပွားများရရှိခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ကာကွယ်စောင့်ရှောက်မှု ရရှိခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့် အစရှိသည့် ကလေးများရပိုင်ခွင့်ရှိသော အခွင့်အရေးများ ရရှိစေရေးစသည်တို့ကို လုပ်ဆောင်နိုင်ရန်အတွက် ရန်ပုံငွေအပါအဝင် အခြားသောအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်လှုဒါန်းလုပ်ဆောင်မှုများ ဖြစ်ထွန်းလာစေရန် မီဒီယာများက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**သတင်း -ကိုကိုနေ၊ ဓာတ်ပုံ-ဇာဏီ**






# အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ဆိုသည်မှာ

ချယ်ရီချစ်ဆွေ

ယခုနှစ်ပိုင်းတွင် အေအီးစီဆိုသည့် အသုံးအနှုန်းအား အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအကြား တွင်ကျယ်စွာ ပြောဆိုနေကြသည်။ လွယ်ကူစွာ ပြောဆိုရလျှင် အေအီးစီဟု အတိုကောက်ခေါ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာ အာဆီယံရည်မှန်းချက် ၂၀၂၀ ပါ စီးပွားရေးပေါင်းစည်းမှုပင်ဖြစ်သည်။ (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်ကြီးများက အာဆီယံမျှော်မှန်းချက် ၂၀၂၀ နှင့် အာဆီယံကွန်ကော့-၂ တို့တွင် ရည်မှန်းထားသည့်အတိုင်း အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ရှေးရှု၍ ၂၀၁၅ ခုနှစ်တွင် တည်ထောင်ရန် ထပ်မံကတိကဝတ်ပြုခဲ့ပြီး စီဘူးကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

စီဘူးကြေညာချက်အရ အာဆီယံဒေသကို-

(က) ကုန်စည်များ၊
(ခ) ဝန်ဆောင်မှုများ၊
(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်
(ဃ) ကျွမ်းကျင်လုပ်သားများ

လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ရန်နှင့် ငွေကြေးအရင်းအနှီးများ ပိုမိုလွတ်လပ်စွာ စီးဆင်းနိုင်သည့် ဒေသဖြစ်စေရန် သဘောတူခဲ့သည်။ ဤသည်က အေအီးစီ ၂၀၁၅ ပေါ်ပေါက်လာခြင်း၏ အုတ်မြစ်ပင်ဖြစ်သည်။

စီဘူးကြေညာချက်အရ အေအီးစီ ၂၀၁၅ သည် မကြာမီကျရောက်တော့မည်ဖြစ်ရာ မိမိတို့ မျှော်မှန်းသည့်အတိုင်း အမှန်တကယ် ဖော်ဆောင်နိုင်ပြီလား၊ အေအီးစီ ၂၀၁၅ ဖြစ်လာလျှင် ရရှိနိုင်သည့် အကျိုးကျေးဇူးက အဘယ်နည်း၊ လက်ရှိကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်နေသည့် စီးပွားရေး၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများသည် သွေဖည်သွားမည်လား၊ အေအီးစီ ၂၀၁၅ ဖြစ်လာလျှင် မိမိတို့လို CLM နိုင်ငံများထက် အာဆီယံ+၆ နိုင်ငံများ၊ အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများက ပိုမိုအကျိုးရမည်လားစသည့် မေးခွန်းများသည် ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ အနေဖြင့် သိရှိပြီးသားဖြစ်သော်လည်း သာမန်ပြင်ပရှိပုဂ္ဂိုလ်များအတွက်မူ အစိမ်းသက်သက်ဖြစ်နိုင်ပေသည်။ သို့ဖြစ်ပါ၍ စာရေးသူကိုယ်တိုင်ကပင် စတင်လေ့လာနေဆဲဖြစ်ရာ မိမိသိသလောက်အား ဝါသနာအတိုင်း မျှဝေရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ရှေးဦးစွာ တင်ပြလိုသည်မှာ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ သွင်ပြင်လက္ခဏာများပင်ဖြစ်သည်။

ယင်းတို့မှာ-

က။ တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ
ခ။ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ
ဂ။ စီးပွားရေးဖွံ့ဖြိုးမှုမျှတသောဒေသ
ဃ။ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသောဒေသ

တို့ဖြစ်သည်။ အဆိုပါမျှော်မှန်းချက်များမှာ ဆက်စပ်မှုရှိပြီး အပြန်အလှန်အားပြုလျက်ရှိသည်။ အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်စေရေးအတွက် အဆိုပါအချက်အလက်များဖြင့် ပြည့်စုံသည့် ဒေသတစ်ခုအဖြစ် ရည်မှန်းပါသည်။

တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသကို အဓိကဖော်ဆောင်သော လုပ်ငန်း (၅)ရပ်မှာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေး အရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းစေခြင်းနှင့် ကျွမ်းကျင်လုပ်သားများလွတ်လပ်စွာ ပြောင်းရွှေ့စေနိုင်ခြင်းတို့ဖြစ်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ ယှဉ်ပြိုင်မှု မူဝါဒပေါ်ထွန်းရေး၊ စားသုံးသူများ အကာအကွယ်ပေးနိုင်ရေး၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ရရှိရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စရပ်များ ချောမွေ့စေရေး၊ အီလက်ထရွန်နစ်နည်းဖြင့် ကူးသန်းရောင်းဝယ်ရေးတို့ဖြစ်သည်။

ယှဉ်ပြိုင်မှုမူဝါဒ၏ အဓိကရည်ရွယ်ချက်မှာ ညီညွတ်မျှတသော ယှဉ်ပြိုင်မှုတစ်ရပ် ဖြစ်ပေါ်စေရန်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှု မျှတသော ဒေသဖြစ်ပေါ်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံကနဦးပေါင်းစည်းရေးအစီအစဉ်တို့ ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းသော ဒေသဖြစ်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ ပြင်ပစီးပွားရေးဆက်ဆံမှုများအတွက် ကျိုးကြောင်းဆီလျော်သောနည်းလမ်းနှင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြည့်ဆည်းမှုကွန်ရက်၌ ပူးပေါင်းပါဝင်မှုတိုးမြှင့်ခြင်းတို့ ဖြစ်သည်။

အေအီးစီ၏ အဓိကသော့ချက်မှာ AFTA ခေါ် လွတ်လပ်သော ကုန်သွယ်မှုဒေသဖြစ်ရာ AFTAကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံးတော့မည် ဖြစ်သောကြောင့် နိုင်ငံတော်အနေဖြင့် မိမိတို့ထုတ်ကုန်များကို ကာကွယ်ရန်၊ အားပေးရန်၊ မိမိတို့ ရရှိနိုင်မည့် အကျိုးအပြစ်များ ခွဲခြားသိရှိရန် လိုအပ်မည်ဖြစ်ပါသည်။ AFTA ပေါ်လာသည့်အခါ မိမိနိုင်ငံ၏ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်များ ထိခိုက်မှုမရှိစေရန်အတွက် လိုအပ်သည့် မူဝါဒဆိုင်ရာလမ်းညွှန်မှုများပေးခြင်း၊ ထုတ်လုပ်မှုစရိတ်လျှော့ချခြင်း၊ အခွန်အခနှုန်းထားများ ပြန်လည်သုံးသပ်ခြင်း၊ မလိုလားအပ်သည့် Transition cost များ လျှော့ချခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပုဂ္ဂလိက၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။




AFTA ပေါ်လာသောအခါ မိမိနိုင်ငံ၏ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်များ ဒေသတွင်းယှဉ်ပြိုင်နိုင်မှုကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ ၎င်းတို့အနက် နိုင်ငံတော်အနေဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၄-၄-၂၀၁၂ ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး SMEs လုပ်ငန်းများ နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့ရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အရင်းအနှီးအတွက် ၁-၁၀-၂၀၁၂ ရက်နေ့တွင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကို တည်ထောင်ခဲ့ပြီး ချေးငွေများ ထုတ်ပေးလျက်ရှိပါသည်။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေအား ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ASEAN အဖွဲ့ဝင်နိုင်ငံများနှင့် SME Service Center များတွင် သီးခြား Web Portal တစ်ခု တည်ထောင်၍ ASEAN အဖွဲ့ဝင်နိုင်ငံများ၏ သတင်းအချက်အလက်များဖြစ်သော ASEAN SME Festival များ၊ ASEAN Innovative SME များ၊ ASEAN Top SME များကို ချိတ်ဆက်လျက် သတင်းအချက်အလက်များ ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ ပြည်သူလူထု၏ လူမှု-စီးပွားရေးအဆင့်အတန်းမြင့်မားတိုးတက်ရေးနှင့် အမျိုးသားစီးပွားဖွံ့ဖြိုးရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းဝင် ၂၇ ဦးပါဝင်ပြီး နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အသေးစားနှင့်အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ မိမိတို့နိုင်ငံတွင် SME ဖွံ့ဖြိုးမှုသည် အလွန်အရေးပါလျက်ရှိပြီး လုပ်ငန်းစုစုပေါင်း ၉၀ ရာခိုင်နှုန်းသည် SME များဖြစ်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်း ၇၀ ရာခိုင်နှုန်းကို SME မှ ဖန်တီးရရှိစေပါသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အရ အကောက်ခွန်များ လျှော့ချ/ပယ်ဖျက်ပေးလျက်ရှိပါသည်။ ယခင်ကတင်သွင်းခွင့်မပြုခဲ့သော ကုန်စည်များအား လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ပြီး ပို့ကုန် ပိုမိုတင်ပို့နိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံစားကုန်များအား လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့ပါသည်။ ပို့ကုန်/သွင်းကုန်လိုင်စင်များ Online စနစ်ဖြင့် လွယ်ကူစွာ လျှောက်ထားနိုင်ရန် ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ၂၀၁၅ အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ဆောင်ရွက်ရမည့် ကိုယ်တိုင် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ထုတ်ပေးရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် selfcertification pilot project (1)တွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

အာဆီယံနိုင်ငံများတွင် စားသုံးသူများ ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာပါက အရေးယူဆောင်ရွက်ပေးနိုင်သည့် website ကို မလေးရှားနိုင်ငံ၏ ဦးဆောင်မှုဖြင့် တည်ထောင်ခဲ့ပါသည်။ ယင်းအမည်မှာ www.aseanconsumer.org ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ဖြင့် စားသုံးသူများ အကာအကွယ်ပေးရေးဥပဒေကိုပြဋ္ဌာန်းပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် စားသုံးသူကာကွယ်ပေးရေးရုံးများ ဖွဲ့စည်းပြီး ဖြစ်ပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) ၏ အကူအညီဖြင့် Law 4 ခုဖြစ်သည့် တီထွင်မှု မူပိုင်ခွင့်ဥပဒေ (Patent Law)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (Industry Design Law)၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (Trade Mark Law) နှင့် မူပိုင်ခွင့်ဥပဒေ (Copy Right Law) စသည့် Law 4 ခုကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ရေးဆွဲခဲ့ရာ ဥပဒေကြမ်း လေးခုစလုံးသည် (၁၁)ကြိမ်မြောက် မူကြမ်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

အာဆီယံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အရ Liberalization လုပ်ရမည့်အပိုင်းမှာ Reservation လုပ်ငန်းများနှင့်ပတ်သက်ပြီး စက်မှုကဏ္ဍမှ ကဏ္ဍခွဲ(၆)ခုကို တိုးတက်ဖြေလျှော့မှုပြုလုပ်နိုင်ခဲ့ပြီး ကဏ္ဍခွဲ(၃)ခုကို ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ မြေငှားရမ်းခြင်းတွင် တိုးတက်ဖြေလျှော့မှုကို ကနဦးအနေဖြင့် နှစ် ၃၀ ပထမ တိုးချဲ့ ၁၅ နှစ်၊ နောက် ၁၅ နှစ် စုစုပေါင်း နှစ် ၆၀ အထိ တိုးတက်ဖြေလျှော့မှုပြုခဲ့ပါသည်။

အာဆီယံဝန်ဆောင်မှုကဏ္ဍတွင် ဦးစားပေးကဏ္ဍလေးခုရှိရာ ယင်းတို့မှာ ပို့ဆောင်ရေးကဏ္ဍ၊ e-ASEAN ကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့ဖြစ်ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် မြန်မာနိုင်ငံမှ ဆရာဝန်နှင့် သူနာပြုများအား ကျန်အာဆီယံနိုင်ငံများကပါ အသိအမှတ်ပြုရန်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဧည့်လမ်းညွှန်မှအပ ကျန်သည်များကို ဖြေလျှော့ပေးခဲ့ပါသည်။ အာဆီယံနိုင်ငံများတွင် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာပြောင်းရွှေ့လုပ်ကိုင်နိုင်ရေးအတွက် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို လုပ်ကိုင်သည့် နိုင်ငံခြားသားများဝင်ထွက်သွားလာမှု လွယ်ကူစေမည့် အစီအစဉ်များကို အိမ်ရှင်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ ခွင့်ပြုရန်နှင့် ၂၀၁၅ ခုနှစ်မတိုင်မီ ဒေသတွင်း ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာစီးဝင်နိုင်မှု လွယ်ကူစေရန်နှင့် စံချိန်စံညွှန်းကိုက်ညီမှုရှိစေရန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ အတားအဆီးများ ရှိနေပါသည်။ မြန်မာနိုင်ငံ၏ SME ကို အခြေခံအားဖြင့် မိရိုးဖလာ SME၊ သွင်းကုန်အစားထိုး SME၊ စိုက်ပျိုးရေးနှင့် သယံဇာတတင်ပို့မှု အခြေခံသော SMEဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။ ယင်းတို့အနက် SME မိရိုးဖလာလုပ်ငန်းက ၈၀ ရာခိုင်နှုန်းရှိပါသည်။ ကျေးလက်နှင့် မြို့ငယ်လေးများတွင် လုပ်ကိုင်သော လုပ်ငန်းရှင်များအနေဖြင့် နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့ရရှိအောင် ဆောင်ရွက်ရန် အသိပညာနည်းပါးသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ထိရောက်သော ပညာပေးမှုနည်းပါးလျက်ရှိသည်။ SME Focal Centerမှ လစဉ်လတိုင်း အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများပေးနေသော်လည်း SME မိရိုးဖလာလုပ်ငန်းကို ရည်မှန်းချက်ထားမှု နည်းပါးလျက်ရှိနေသေးသည်။

ကိုယ်တိုင်ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ထုတ်ပေးရေးနှင့် စပ်လျဉ်း၍ လက်ရှိ၌ပင် အကောက်ခွန်နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများ ကြန့်ကြာလျက်ရှိရာ Form D ကို ထပ်မံအသုံးပြုရန် မလိုအပ်တော့ဘဲ ကုန်ပစ္စည်းများကို ကြေညာရာတွင် အကောက်ခွန်မှ အရာရှိများ၊ ဆိပ်ကမ်းမှအရာရှိများနှင့် လုပ်ငန်းရှင်များကြား ယုံကြည်မှုပိုမိုတည်ဆောက်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မှန်မှန်ကန်ကန်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည့်နည်း ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်မှာ ဘေးကင်းလုံခြုံမှုမရှိသော ထုတ်လုပ်ဖြန့်ဖြူးသည့် ထုတ်ကုန်များမှ အကာအကွယ်ပေးခြင်းနှင့် စားသုံးသူများအတွက် အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်းပင်ဖြစ်ပါသည်။ လက်ရှိတွင် နိုင်ငံတော်အစိုးရမှ စားသုံးရန်မသင့်သော အစားအစာများ၊ တားမြစ်ကုန်ပစ္စည်းများကို အများပြည်သူသို့ Print Mediaမှတစ်ဆင့် အသိပေးလျက်ရှိပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို ဂျပန်ကဲ့သို့ နိုင်ငံများတွင် အခြေခံပညာရေးအဆင့်မှစ၍ text book တွင် ပုံနှိပ်ထုတ်ဝေသင်ကြားလျက်ရှိရာ ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ထိုသို့ဆောင်ရွက်နိုင်လျှင် ပိုမိုကောင်းမွန်မည်ဟု ထင်မြင်ယူဆမိသည်။

မည်သို့ပင်ဖြစ်စေ ခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲနေသော မိမိတို့နိုင်ငံအနေဖြင့် အေအီးစီကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်ဖန်တီးမှုများ တိုးတက်လာနိုင်ပေမည်။ အချို့သော ပညာရှင်များက အာဆီယံသည် အီးယူနှင့် မြောက်အမေရိက လွတ်လပ်သောကုန်သွယ်မှုဒေသ (NAFTA)ကဲ့သို့ အောင်မြင်သောအဖွဲ့ မဖြစ်မြောက်သေးဟုဝေဖန်နေသော်လည်း လက်ရှိအာဆီယံ၏ လုပ်ဆောင်မှု၊ လှုပ်ရှားမှုနှင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုကိုကြည့်လျှင် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသဖြစ်ရန် မဝေးကွာတော့သဖြင့် အောင်မြင်သောအဖွဲ့ ဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ ။





# ကေတုမတီတောင်ငူ မြို့တည်နန်းတည် (၅၀၄)နှစ်ပြည့်အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၄) နှစ်ပြည့်အထိမ်းအမှတ် သမိုင်းဆိုင်ရာဟောပြောပွဲ **(အပေါ်ပုံ)**ကို တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်ရှိ ဘုရင့်နောင်ခန်းမ၌ နိုဝင်ဘာ ၃ ရက် ည ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်အိအိလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စာရေးဆရာမ ဒေါက်တာဒေါ်ခင်ဆွေမြင့်က "တောင်ငူခေတ်စာပေမှ မြန်မာ့ယဉ်ကျေးမှု"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာကြီး ဦးကျော်ကျော်လှိုင်က "တောင်ငူခေတ်မင်းများ၏ ခေါင်းဆောင်မှုစွမ်းရည်ကို ခေတ်အမြင်ဖြင့် လေ့လာခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာကြီး နွမ်ဂျာသိုင်းက "စာရေးသူမှ စာဖတ်သူသို့ ၂၀၁၄"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။

ယင်းနောက် တာဝန်ရှိသူများက စာရေးဆရာမကြီးများနှင့် စာရေးဆရာကြီးများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။ အဆိုပါစာပေဟောပြောပွဲသို့ စာပေချစ်သူများ၊ စာပေဝါသနာရှင်များ၊ ဒေသခံများ၊ ဆရာဆရာမများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်း-ရာမည၊ ဓာတ်ပုံ-ဇာဏီ)**

# စပ်မျိုးစပါး GW-1 (ပုလဲသွယ်) စိုက်ပျိုးအောင်မြင် တောင်သူများ စပါးအထွက်တိုး၍ ဝင်ငွေနှစ်ဆရနေ

**မန္တလေး နိုဝင်ဘာ ၄**

၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးရာသီ ရွှေတောင်သုတေသနနှင့် မျိုးပွားခြံတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂရိတ်ဝေါလ်ကုမ္ပဏီတို့ပူးပေါင်း၍ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ အောင်မြင်လျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**



၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးရာသီတွင် စပ်မျိုးစပါး GW-1 (ပုလဲသွယ်) မျိုးစေ့စိုက်ပျိုးထုတ်လုပ်မှုကို မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနနှင့် မျိုးသန့်ခြံတွင် ဧက ၄၀၀ နှင့် နေပြည်တော် ကောင်စီနယ်မြေတွင် ဧက ၇၀ ကို စမ်းသပ်စိုက်ပျိုးရာ ဧကငါးသောင်းစိုက်ပျိုးနိုင်သည့် မျိုးစေ့ကီလို လေးသိန်း စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့အတူ ၂၀၁၃-၂၀၁၄ ခုနှစ် (မိုးရာသီ)အတွက် စပ်မျိုးစပါး GW-1 (ပုလဲသွယ်)ကို ရွှေတောင်ခြံတွင် ဧက ၃၀၀၊ နေပြည်တော်တွင် ဧက ၁၀၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် ဧက ၄၀ စိုက်ပျိုးထားပြီး ယခုအခါ ဝတ်မှုန်ကူးပြီး စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စပ်မျိုးစပါး GW-1 (ပုလဲသွယ်) စမ်းသပ်စိုက်ကွက်များတွင် အသီးအနှံများ ရင့်မှည့်အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ တောင်သူများသည် သိပ္ပနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) ဖြင့်စိုက်ပျိုးသဖြင့် အထွက်တိုး၍ တောင်သူများ ဝင်ငွေနှစ်ဆရရှိနေကြောင်း သိရသည်။

**နိုင်ဌေးအောင်(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၅-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)**

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်၊ အဖိတ်နေ့**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၆း၄၀ | မင်းကွန်းတိပိဋကရေဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (သတ္တမဆယ်စုနှစ်) (အပိုင်း-၁) |
| ၇း၃၅ | "အလောင်းတော်ကဿပတောဝယ် ကျင်လည်ကျက်စားဆင်သတ္တဝါများ" (အပိုင်း-၂) |
| ၉း၃၀ | မှိုခိုရာ "ဘာဝနာ" |
| ၁၂း၃၀ | ဖြူမည်းရုပ်ရှင် "ဣတ္ထိယ" (မောင်မောင်အေး၊ ခင်ခင်ရီ) (ဒါရိုက်တာ-ဆရာခန့်) |
| ၅း၂၀ | "တန်ဆောင်မုန်းလ" |
| ၅း၄၀ | "အမျိုးသားနေ့ ဒို့မမေ့" |
| ၆း၂၀ | ရွှေရင်ခုန်သံ |







# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များစွာရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Alexander Grigoryevich Lukasheko အား သမ္မတနန်းတော်သို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Lt. Gen Yuri Zhadobin၊ နိုင်ငံတော်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ Lt. Gen Gurulev Sergey Petrovich နှင့် သမ္မတ၏ လက်ထောက် Mr. Brilev Valery တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဘယ်လာရုစ်နိုင်ငံ သမ္မတက လွန်စွာအရေးပါသည့် မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက်တည်ရှိနေမှုအပေါ် မူတည်၍ နှစ်ဦးနှစ်ဖက်အကျိုးကို ဖော်ဆောင်နိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ပါကြောင်း၊ အထူးသဖြင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုများစွာဆောင်ရွက်နိုင်ပြီး စစ်ဘက်နည်းပညာကျွမ်းကျင်သူအရာရှိများ မွေးထုတ်ပေးနိုင်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးသာမက ဘက်ပေါင်းစုံမှ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နှုတ်ခွန်းဆက်ပါကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘယ်လာရုစ်နိုင်ငံ၏ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံတိုးတက်အောင် ဆောင်ရွက်နိုင်မှုများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ကူးပြောင်းမှုသည် လွယ်ကူသောကိစ္စရပ် မဟုတ်ပါကြောင်း၊ မိမိနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က ဆိုရှယ်လစ်စနစ်ပြောင်းလဲကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပြည်သူများ၏ တောင်းဆိုမှုအရ ပါတီစုံဒီကရေစီစနစ်သို့ ဦးတည်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးနေကြောင်း၊ လက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက် ပြုပြင်ပြောင်းလဲမှုများသည် ဘယ်လာရုစ်သမ္မတနိုင်ငံကဲ့သို့သော မိတ်ဆွေများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် အောင်မြင်အောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များစွာရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ဦးစားပေးစနစ်မရှိသောကြောင့် အချိန်မဆိုင်းဘဲ ပူးပေါင်းဆောင်ရွက်မှုများ စီစဉ်ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီ ၁၅ မိနစ်တွင် မင့်စ်မြို့ရှိ Victory Square သို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen Lybinko နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပန်းခွေအား သတ်မှတ်နေရာသို့ ပို့ဆောင်အလေးပြုသည်။ ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့နှင့် နိုင်ငံတော်စစ်တီးဝိုင်းတို့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုခဲ့ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ပွဲအတွင်းက ကျဆုံးခဲ့သည့် စစ်သည်များအား ဂုဏ်ပြုထွန်းညှိထားသည့် မငြိမ်းသောမီးတောက်နှင့် ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်တိုက်ပွဲများဖြစ်ပွားရာ မြို့များကို ကိုယ်စားပြုဂုဏ်ပြုထားသည့် အထိမ်းအမှတ်နေရာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၄**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Mikhail Myasniko အား ဝန်ကြီးချုပ်ရုံးသို့ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုနှင့် စစ်သံမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဌာနဝန်ကြီး Lt. Gen. Yuri Zhadobin၊ နိုင်ငံတော်ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ Lt.Gen.Gurulev Sergey Petrovich၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms.Elena Kupchina၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး Mr. Sergei Borisyonok၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ဒေါက်တာအောင်မိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်က ယခုခရီးစဉ်ကိုအခြေခံပြီး နှစ်နိုင်ငံအကျိုးရှိစေမည့် ဖွံ့ဖြိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်အောင်မြင်မှုများကိုလည်း ဂုဏ်ယူပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကလည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိကြပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့်လည်း စစ်ဘက်နည်းပညာနှင့် သိပ္ပံနည်းပညာဆိုင်ရာများ၊ စီးပွားရေးကူးသန်းရောင်းဝယ်မှု၊ စွမ်းအင်ဆိုင်ရာများ၊ ဆေးပညာနှင့် ဆေးဝါးထုတ်လုပ်မှုကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ရုံးများ အပြန်အလှန်ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ သွင်းကုန်ထုတ်ကုန်များအား အပြန်အလှန်တင်ပို့ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန် အဆင်ပြေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ပိုမိုရရှိအောင် ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးများအား ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူတို့၏ လိုလားချက်အရ ပါတီစုံဒီမိုကရေစီသို့သွားနေကြောင်း၊ မိမိအနေဖြင့် ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိရပ်တည်ချက်ဖြင့် လျှောက်လှမ်းပိုင်ခွင့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်အောင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ စစ်ဘက်နည်းပညာနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ဆေးဝါးနှင့် ဆေးပညာကိစ္စရပ်များ၊ စွမ်းအင်ဆိုင်ရာများသည် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေနိုင်မှာ သေချာပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် အချိန်စောစွာ ဆောင်ရွက်ခြင်းသည် ပိုမိုအခွင့်အရေးရနိုင်သဖြင့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား မနှောင့်နှေးဘဲ ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်ပါကြောင်း၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာလည်း နယ်ပယ်များစွာရှိပါကြောင်း၊ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကိစ္စများစွာရှိ၍ အရေးကြီးသည်မှာ ယုံကြည်မှုနှင့် ရိုးသားမှုပင်ဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်ဆက်ဆံရေးကောင်းမွန်ခိုင်မာမှုသည် နှစ်နိုင်ငံဆက်ဆံရေးကိုပိုမိုလေးနက်စေ၍ တပ်မတော်ချင်းဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လက်ငင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စစ်ဘက်နှင့် အရပ်ဘက်ပညာသင်ကြားရေးကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာနှင့်စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာတပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ယာဉ်၊ ယန္တရားများထုတ်လုပ်သည့် Minsk Wheel Tractor Plant(MZKT) သို့ရောက်ရှိပြီး ယာဉ်၊ ယန္တရားများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကျောင်းခန်းမ၌ စစ်တက္ကသိုလ်နှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြသည်။

ယင်းစစ်တက္ကသိုလ်သည် ဗိုလ်လောင်းသင်တန်းမှ Doctor of Science ဘွဲ့အထိ စစ်ဘက်၊ အရပ်ဘက်အဆင့်မြင့်နည်းပညာဆိုင်ရာ သင်တန်းများကို နယ်ပယ်စုံလင်စွာ သင်ကြားပို့ချပေးလျက်ရှိပြီး ၁၉၆၃ ခုနှစ်မှစတင်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ လက်ရှိအချိန်ထိ နိုင်ငံတကာမှ သင်တန်းသားပေါင်း ၅၀၀၀ ကျော်အား သင်ကြားမွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

● **ကျောက်ဖြူမှ**

နိုင်ငံခြားဘဏ်တွေရဲ့ တင်းကျပ်တဲ့ နိုင်ငံတကာက လက်ခံထားတဲ့ စံချိန်စံညွှန်းညီညွတ်မှုတွေနဲ့ ငွေကြေးခဝါချမှုအရ ပြည့်စုံတဲ့အတွက် ယူနိုက်တက်အမရာဘဏ်ကို ရွေးချယ်ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ယူနိုက်တက်အမရာဘဏ်မှာ ယုံကြည်စွာ အပ်နှံပြီး ဝန်ဆောင်မှုတွေကိုလည်း အပြည့်အဝ စီမံခန့်ခွဲနိုင်လျက်ရှိပါတယ်။ အာမခံပါတယ်”ဟု ကောလာဟလနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

“ဦးအောင်သောင်းမှာ ယူနိုက်တက်အမရာဘဏ်တွင် အစုရှယ်ယာဝင်နဲ့ ဒါရိုက်တာအဖွဲ့ဝင်လည်း မဟုတ်ပါဘူး။ အရေးယူပိတ်ဆို့မှုဟာ ဦးအောင်သောင်းနဲ့သာ သက်ဆိုင်ပြီး ယူနိုက်တက်ဘဏ်နဲ့ လုံးဝသက်ဆိုင်ပါဘူး။ ပြည်သူများအနေနဲ့ ပြင်ပတွင် ဖြစ်ပေါ်နေတဲ့ သတင်းများကို စိုးရိမ်ပူပန်မှုမရှိဘဲ ဗဟိုဘဏ်က ငွေကြေးလိုအပ်ချက်များရှိလာပါက ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ အချိန်မရွေး အဆင်သင့်ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဗဟိုဘဏ် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**

**သစ်ပင်စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

ပြည်တွင်းရေးရာ

# ပညာရေးမြှင့်တင်ရေးအစီအစဉ်အရ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် ရန်ကုန်တက္ကသိုလ်

သတင်း-ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-ကိုကိုလေး

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းထောင့်တွင် တည်ရှိသော ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာကပင် လူသိများလှပါသည်။ ရန်ကုန်တက္ကသိုလ်သည် ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ နိုင်ငံတကာအဆင့်မီတက္ကသိုလ်တစ်ခု ဖြစ်လာရေးအတွက် ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်၊ သင်ကြားရေးဆိုင်ရာပြောင်းလဲမှု၊ သုတေသနဆိုင်ရာ အဆင့်မြှင့်တင်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု စသည့် ဘက်ပေါင်းစုံမှ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် တက္ကသိုလ်သည် ပြည်သူများအတွက် ပညာရှာမှီးသည့် နေရာသာမက ဘာသာရပ်ဌာန အသီးသီး၏ သုတေသနလုပ်ငန်းများသည်လည်း ပြည်သူနှင့် နိုင်ငံတော်အတွက် ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ရာ ရန်ကုန်တက္ကသိုလ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၏ ပြောကြားချက်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။



ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး။

**မေး။ ။အစိုးရသစ်လက်ထက် ရန်ကုန်တက္ကသိုလ် ပြန်လည်ပြင်ဆင်မှုအခြေအနေ သိပါရစေ။**

ဖြေ။ ။၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေအကြောင်းကို အဓိကထား ပြောပြပေးသွားပါ့မယ်။ ဘက်စုံပြုပြင်ပြောင်းလဲခဲ့တဲ့နေရာမှာ အရည်အသွေးပိုင်းဆိုင်ရာနဲ့ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာတွေ ဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားတွေရဲ့ အရည်အသွေး တိုးတက်လာစေဖို့ သင်ကြားပေးတဲ့ ဆရာဆရာမတွေရဲ့ အရည်အသွေး တိုးတက်လာအောင် ဆောင်ရွက်ပေးတယ်။ သင်ကြားရေးမှာ တိုက်ရိုက်အထောက်အကူပြုတဲ့ သင်ထောက်ကူပစ္စည်းနဲ့ လက်တွေ့ခန်းသုံး ပစ္စည်းတွေတိုးတက်လာအောင်ဆောင်ရွက်ပေးပါတယ်။ စာအုပ်စာတမ်းတွေလည်း ဖြည့်ဆည်းပေးတယ်။ ဒါက အရည်အသွေးပိုင်းဆိုင်ရာကိစ္စတွေဖြစ်ပါတယ်။

ရုပ်ပတ်ဝန်းကျင်ပိုင်းမှာ အဓိကရည်မှန်းချက်ထားတာကတော့ တက္ကသိုလ်ဟာ တက္ကသိုလ်နဲ့တူတဲ့ ရုပ်ပတ်ဝန်းကျင်ကောင်းတွေနဲ့ ပြည့်စုံရမယ်ဆိုတဲ့ ရည်မှန်းချက်တွေဖြစ်ပါတယ်။ အဲဒီမှာ စာသင်ခန်းတွေ၊ လက်တွေ့သင်ကြားရေးအခန်းတွေ၊ စာကြည့်တိုက်တွေရှိရမယ်။ ကလေးတွေ လွတ်လွတ်လပ်လပ်နဲ့ ဆွေးနွေးနိုင်တဲ့ Seminar Room နဲ့ Conference Room တွေလည်း ရှိဖို့လိုတယ်။ နောက်ပြီး ကလေးတွေ နားနားနေနေ နေလို့ရတဲ့ Recreation Center လို့ဆိုတဲ့ အဆောက်အအုံတွေလည်း ရှိရပါမယ်။ တခြား Activities တွေအားလုံးလုပ်လို့ရတဲ့ဟာတွေ အားလုံးကို ရအောင် ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ အဓိကအခြေခံလိုတာကတော့ စာသင်ဆောင်နဲ့ စာသင်ခန်းတွေ၊ ကျောင်းသူ ကျောင်းသားတွေရဲ့ အဆောင်တွေ၊ ဆရာဆရာမတွေရဲ့ ဝန်ထမ်းအိမ်ရာတွေရှိရေးဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ရုပ်ပိုင်းဆိုင်ရာ ပြုပြင်မှုအားလုံးကိုဆောင်ရွက်တဲ့အခါ တက္ကသိုလ်ဆိုတာဟာ ပြင်ပကသာမန်ရပ်ကွက်တစ်ခုနဲ့မတူဘဲနဲ့ တက္ကသိုလ်ထဲကို ဝင်လိုက်တာနဲ့ တက္ကသိုလ်ရဲ့အရှိန်အဝါအရ ဝင်လိုက်တဲ့ ကျောင်းသားဟာလည်း မိမိကိုယ်မိမိ ဂုဏ်ယူသွားမယ်၊ မိမိရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းသွားချင်တဲ့ စိတ်ပေါက်လာအောင်ကို ဖန်တီးထားပေးရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ၂၀၁၁ ခုနှစ်ကတည်းက သိသိသာသာကို ပြောင်းလဲသွားအောင်ပြင်လိုက်တယ်။ တက္ကသိုလ်ကြီးကို ဝင်လိုက်တာနဲ့ ရန်ကုန်တက္ကသိုလ်ဆိုတဲ့ အထိမ်းအမှတ်ကတော့ အဓိပတိလမ်းပဲလေ၊ အဲဒီတော့ အဓိပတိလမ်းတစ်လျှောက် ဖြောင့်ဖြောင့်ဖြူးဖြူး သန့်သန့်ရှင်းရှင်းဖြစ်သွားတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ သပ်ရပ်တဲ့ပလက်ဖောင်းရှိတယ်။ စိမ်းလန်းနေတဲ့မြက်ခင်းတွေ၊ ဘေးတစ်ဖက်စီမှာလည်း ပါမောက္ခတွေ နေတဲ့အိမ်တွေ သပ်သပ်ရပ်ရပ်ဖြစ်သွားတယ်။ အဲဒါနဲ့တစ်ဆက်တည်းမှာ ကျောင်းသားကျောင်းသူတွေ တကယ်ကိုတန်ဖိုးထားတဲ့ ဘွဲ့နှင်းသဘင်ကြီးကိုလည်း ပြင်ပေးတယ်။ အဲဒါတွေကို မူလအသွင်မပျက်ဘဲနဲ့ ပိုပြီးသန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်လိုက်တာဖြစ်ပါတယ်။

အဲဒီမှာလည်း တစ်ခုပြောစရာရှိတယ်။ ၂၀၁၁ ခုနှစ်က ဒီလိုပြုပြင်လိုက်တဲ့အချိန်မှာ ပြင်ပြီးခါစမှာပဲ အမေရိကန်သမ္မတ အိုဘားမားလာတယ်။ အဲဒီတော့ အပြင်ကလူတွေ အားလုံးဟာ အိုဘားမားလာမယ်ဆိုလို့ ပြင်တယ်လို့ယူဆပြီး ပြောနေကြတာဖြစ်တယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့က ပညာရည်မြှင့်တင်ရေးအစီအစဉ်အရ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအနေနဲ့လုပ်တာဖြစ်ပါတယ်။အဲဒီအချိန်မှာ တိုက်ဆိုင်ပြီး နိုင်ငံတကာအဆင့်မှာကိုပဲ ထည်ထည်ဝါဝါအဆင့်မီမီ သပ်သပ်ရပ်ရပ်နဲ့ ပြုပြင်ပြောင်းလဲတဲ့ အဆင့် အထိ ရောက်သွားတာဖြစ်ပါတယ်။

ဒါဟာ နိုင်ငံတော်ရဲ့ အစီအစဉ်အရတိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ အခြားနိုင်ငံတကာ ဧည့်သည်လာမှာမို့ အထူးအလေးပေးပြင်ဆင်ထားတဲ့ အစီအစဉ်မဟုတ်ဘူးဆိုတာ ပြောပြခြင်းဖြစ်ပါတယ်။

**မေး။ ။နှစ်အလိုက် ဘတ်ဂျက်သုံးစွဲမှုကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ပိုပိုပြီး ခွင့်ပြုခဲ့တာရှိပါတယ်။ ၂၀၁၁ ခုနှစ်လောက်မှာ ၂ ဒသမ ၈ ဘီလီယံလောက်ပဲရှိခဲ့တာ။ နောက်တစ်နှစ်ကနေစပြီး ၆ ဘီလီယံ ပတ်ဝန်းကျင်ရှိခဲ့တယ်။ နှစ်စဉ် သုံးနှစ်ဆက်တိုက်ထိ သုံးစွဲထားတာဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရင် နှစ်ဆသုံးဆလောက် သုံးစွဲလာတာဖြစ်ပါတယ်။

**မေး။ ။Centre of Excellence ဆောင်ရွက်နေမှုကို ရှင်းပြပေးပါ။**

ဖြေ။ ။Centre of Excellence ဟာ နိုင်ငံတကာအဆင့်မီတဲ့ပညာရပ်ကို သင်ပေးနိုင်တဲ့ Centre အမျိုးအစားဖြစ်ရမယ်ဆိုတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ထဲမှာ Social Science ဘာသာရပ်အတွက် Centre of Excellence ကို ဖွင့်ထားပေးတာရှိပါတယ်။ ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်ဘက်မှာ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်နဲ့တွဲပြီး ဖွင့်လှစ်ထားတာရှိပါတယ်။ အဲဒီအစီအစဉ်ကနေပြီးတော့ ပထမဆုံး နိုင်ငံတကာဆက်ဆံရေးဘာသာရပ် ဆရာ ဆရာမတွေကို အရည်အချင်းစစ်ရွေးချယ်ပြီးတော့ တစ်နှစ်သင်တန်း ပေးနေတာရှိပါတယ်။ အဲဒီသင်တန်းကို နိုင်ငံတကာက ဆရာတွေက လာရောက်ပြီး ဆွေးနွေးပို့ချပေးတာဖြစ်ပါတယ်။ ဒါ့အပြင် ရှေးဟောင်းသုတေသနပညာရပ်နဲ့ဆိုင်တဲ့ အပိုင်း၊ မနုဿဗေဒပညာရပ်နဲ့ဆိုင်တဲ့အပိုင်း၊ဥပဒေပညာရပ်နဲ့ ဆိုင်တဲ့အပိုင်းတွေမှာလည်း နိုင်ငံတကာ တက္ကသိုလ်တွေနဲ့ တွဲပြီး subject ဧရိယာအလိုက် Centre of Excellence တိုးချဲ့ပြီး ဖွင့်လှစ်နေပါတယ်။ အဲဒီ Centre တွေမှာ အထောက်အကူပြုပစ္စည်းတွေဖြစ်တဲ့ internet access များ၊ discussion room တို့ကို ဖြည့်ဆည်းထားပေးတယ်။ သင်ကြားရေးစနစ်မှာ ဆရာနဲ့ ကျောင်းသား အပြန်အလှန် သင်ကြားသင်ယူတဲ့စနစ်ကို ပြောင်းပါတယ်။ ဒါဟာ တက္ကသိုလ်မှာပြုပြင်ပြောင်းလဲရေးအတွက် အဓိကပါတဲ့ အချက်တစ်ချက်ပါ။ စာသင်ခန်း အနေအထားကိုလည်း ပြောင်းလဲရပါမယ်။ ကျယ်ပြန့်တဲ့ အခန်းအဖြစ် ပြောင်းလဲပြီး အဓိကတော့ စိတ်ပါဝင်စားမှု အပြည့်အဝရရှိအောင် ဖန်တီးပေးရပါမယ်။ အရည်အသွေးတက်အောင် ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို ဖြည့်ဆည်းပေးမယ်။ သင်ကြားပုံ သင်ယူနည်းကိုလည်း ပြောင်းလဲပေးမယ်။

သင်ကြားမှုကတစ်ဆင့် concept ကိုရရှိပြီး ပြန်အသုံးချတဲ့ဘက်ကို သွားတာမျိုးဖြစ်လို့ ကျောင်းသားကိုယ်တိုင်ကလည်း လေ့လာဖို့လိုအပ်လာပါတယ်။ အဲဒီအတွက် အင်တာနက်တို့ စာကြည့်တိုက်တို့ လိုအပ်ပြီးတော့ ပြီးပြည့်စုံအောင်ဖန်တီးပေးရမယ်။ အဲဒါကလည်း ပြုပြင်ပြောင်းလဲမှုတစ်ခုဖြစ်ပါတယ်။



ရန်ကုန်တက္ကသိုလ် ပင်းယဆောင် ပြုပြင်နေမှုကို တွေ့ရစဉ်။

စာကြည့်တိုက်တွေကို ပြုပြင်ပြောင်းလဲပေးတဲ့နေရာမှာလည်း ဟိုအရင်ကလို စာအုပ်တွေကို ဘာသာရပ်အလိုက် ခွဲပေးတာမျိုးမဟုတ်ဘဲ module အလိုက် သင်ကြားမယ့် ဘာသာရပ်အားလုံးရဲ့ စာအုပ်တွေအားလုံးကို စာကြည့်တိုက်မှာရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဟာ လွတ်လပ်၍တက်ကြွနေတဲ့ သင်ကြားသင်ယူမှုစနစ်နဲ့ ပြည့်စုံတဲ့ တက္ကသိုလ်ဖြစ်ဖို့ဆိုတဲ့ ပန်းတိုင်ကိုထားပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ တက္ကသိုလ်ထဲမှာလည်းပဲ ကျောင်းသားကျောင်းသူတွေဟာ University Life ပြန်ရနိုင်အောင် လိုအပ်တဲ့ရုပ်ပိုင်းဆိုင်ရာ အပိုင်းတွေရော အဓိကဖြည့်ဆည်းပေးသွားမယ်။

**မေး။ ။အဆောင်တွေ ပြုပြင်ဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ရုပ်ပိုင်းဆိုင်ရာထဲမှာ ဘာတွေလိုလဲ ဆိုလို့ရှိရင် အဆောင်လိုအပ်ချက်ကလည်းပဲ အဓိကဖြစ်တယ်။ အဆောင်ထားခြင်းအားဖြင့် ကျောင်းသားတွေဟာ ပေါင်းသင်းဆက်ဆံမှုလည်းရလာမယ်။ မိမိကိုယ်ကိုနေတတ်ထိုင်တတ်တဲ့ စနစ်လေးလည်းရသွားမယ်။ Hostel Life ဆိုတဲ့အဆောင်နေစဉ်မှာ ခင်မင်ရင်းနှီးတဲ့ အခြေအနေလေးဟာ နောင်ပြန်ရနိုင်တဲ့ အနေအထားမျိုးမရှိဘူး။ Hostel Life ထဲမှာ ခင်မင်ရင်းနှီးတဲ့ဟာတွေဟာ ဘဝတစ်လျှောက်လုံးအတွက် အဖော်ကောင်းဖြစ်ပါတယ်။ ဒီခေတ်ဒီအခါမှာလည်းပဲ ဆောင်ရွက်တဲ့အခါမှာ အပေါင်းအသင်း ချိတ်ဆက်မှုဟာ အင်မတန်အရေးကြီးတယ်။ ဒီအဆောင်ဟာ ဘဝတစ်လျှောက်လုံးအတွက် Net working ပေးတဲ့အတွက် အဆောင်တွေကို ဖြည့်ဆည်းပေးနေပါတယ်။ အဲဒီတော့ တက္ကသိုလ်ရဲ့ အဆောင်တွေဖြစ်တဲ့ သီရိဆောင်၊ မာလာဆောင် ဒီအဆောင်တွေ အားလုံးကိုလည်း အခုအဆောင်သစ်ပြုပြင်ပြောင်းလဲပြီးတော့ ပြန်လည်ပြင်ဆင်နေပြီ။ အခုလာမယ့် ကျောင်းဖွင့်ပြီ ဆိုလို့ရှိရင်တော့ အဲဒါကို တက္ကသိုလ်အဆောင်အဖြစ် ပြန်မြင်ရတော့မှာဖြစ်တယ်။ တစ်ယောက်အိပ်ခုတင်ရှိမယ်၊ စာဖတ်နိုင်ဖို့အတွက် စာရေးစားပွဲရှိမယ်၊ ထိုင်ခုံရှိမယ်၊ အလားတူပဲ အေးအေးဆေးဆေး နားနားနေနေဖတ်ဖို့အတွက် easy chair ရှိမယ်ဆိုတဲ့ အနေအထားလေးကို ကျွန်တော်တို့က ဖန်တီးထားပေးတာပဲဖြစ်တယ်။ နောက်တစ်ခုကတော့ ကလေးတွေ သက်သောင့် သက်သာနေနိုင်ဖို့ ဆိုတာကတော့ ထမင်းစားတဲ့အခန်းနဲ့ သန့်စင်ခန်းကလည်း သန့်ရှင်းသပ်ရပ်ဖို့ အရေးကြီးတယ်။

ယခင်အဆောင်တွေနဲ့မတူဘဲနဲ့ သပ်သပ်ရပ်ရပ်ရှိတဲ့ အနံ့အသက်ကင်းစင်တဲ့ သန့်စင်ခန်းမျိုး ဖြစ်အောင်ကို ဖန်တီးထားပေးတယ်။ ဒါဟာလည်းဘာလဲဆိုလို့ရှိရင် ဒီလိုဖန်တီးပေးခြင်းဟာ သပ်သပ်ရပ်ရပ် သုံးစေချင်တဲ့ဆန္ဒတစ်ခုတည်း မဟုတ်ဘဲနဲ့ နောင်တစ်ချိန်မှာ ဒီလိုသပ်သပ်ရပ်ရပ်နေသွားတတ်အောင်၊ နိုင်ငံတကာကိုသွားမယ်ဆိုရင် အခုလိုပဲ တက္ကသိုလ် အဆောင်တွေမှာသွားတဲ့အခါမှာ နေတတ်ထိုင်တတ်အောင်လို့ လေ့ကျင့်ပေးတဲ့သဘောလည်းဖြစ်တယ်။ နောက်တစ်ခါ ဒီလိုအဆင့်အတန်းမြင့်မြင့်ထားတာကို ထိန်းသိမ်းရမယ်ဆိုတဲ့ အလေ့အကျင့်ကောင်းတစ်ခုကိုလည်း ရစေချင်တယ်။ အဲဒီတော့ အဆင့်မြင့်မြင့် နေစေချင်တာဖြစ်သလို ဒီလိုထိန်းသိမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်ကိုလည်း ဖြစ်စေချင်တာ။

အဲဒီလိုနေထိုင်နိုင်အောင် ဖန်တီးပေးထားတာကို တန်ဖိုးထားပြီးတော့ ထိန်းသိမ်းဖို့လိုတဲ့ စိတ်ဓာတ်ကိုလည်းပဲ လေ့ကျင့်ပြုစုပျိုးထောင်ပေးတာ ဖြစ်ပါတယ်။ လူငယ်တွေ ပြုမူပြောဆိုဆက်ဆံမှုဟာ လူကြီးလူကောင်းလို ပြုမူပြောဆိုဆက်ဆံတဲ့ တွေးခေါ်တဲ့အပိုင်းကလည်း အင်မတန်အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ ကိစ္စတစ်ခုတိုင်းမှာ သူများပြောလို့ လိုက်လုပ်တာမျိုးမဟုတ်ရဘူး။ သူငယ်ချင်းတွေလုပ်လို့ လိုက်လုပ်တာမျိုးမဟုတ်ဘဲနဲ့ တစ်ကယ်လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်တယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်လာဖို့ဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာရော စည်းကမ်းပိုင်းဆိုင်ရာမှာပါ ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။

**မေး။ ။နိုင်ငံတကာအဖွဲ့အစည်းနဲ့ ပြည်ပပညာရှင်တွေက ကူညီဆောင်ရွက်မယ်ဆိုရင် ဘယ်လို ဆောင်ရွက်ဖို့ ရှိပါသလဲ။**

ဖြေ။ ။အဲဒီတော့ ကျွန်တော်တို့ တက္ကသိုလ်အရည်အသွေးတိုးတက်ရေး၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေး ဆောင်ရွက်တဲ့အခါမှာ ပါဝင်ကူညီဆောင်ရွက်လိုတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့**❖

## ပြည်သူလူထုသို့ အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၄**

အာဆီယံထိပ်သီးအစည်းအဝေးကျင်းပစဉ်ကာလအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားလာသူ အများပြည်သူများအား စိစစ်ခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေစစ်ဆေးခြင်းတို့ကို လုံခြုံရေးတာဝန်အရ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားလာကြမည့် အများပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလက်မှတ် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံသား အထောက်အထားလက်မှတ်၊ ဝန်ထမ်းစိစစ်ရေးလက်မှတ်၊ ခရီးသွားလာခွင့် သို့မဟုတ် ခိုင်လုံသော အထောက်အထားများ၊ လိုအပ်သော စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာ ယာဉ်အထောက်အထားများကိုပါ မပျက်မကွက် ကိုင်ဆောင်၍ ခရီးသွားလာကြပါရန်နှင့် တာဝန်ရှိသူများက တာဝန်အရစစ်ဆေးမေးမြန်းခြင်းအပေါ် ကြည်ဖြူစွာ ခံယူ၍ ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(ပြည်ထဲရေးဝန်ကြီးဌာန)**

# ရန်ကုန်မြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုမြင်ကွင်း



**အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းတစ်လျှောက် ယာဉ်များ ရှုပ်ထွေးနေမှုနှင့် ဈေးသည်များ၊ လမ်းကူးသူများကို တွေ့ရစဉ်။**

ဇော်မင်းလတ်(သတင်းစဉ်)





**အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်၌ စည်းကမ်းမဲ့ ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ်။**

ရဲထွဋ်(သတင်းစဉ်)

## သတိပေးနိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## သတိပေးနိုးဆော်ချက်

အများပြည်သူများခရီးသွားလာရေးအတွက် အသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် မော်တော်ယာဉ်များအား စည်းကမ်းမဲ့မောင်းနှင်နေမှုများကြောင့် လမ်းအသုံးပြုသူ ပြည်သူများ၏ အသက်အန္တရာယ်ကို ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပါသည်။

အများပြည်သူခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ခရီးသွားလာမှုလုံခြုံစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ရာတွင် ငွေဒဏ်သာချမှတ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှုအားနည်းလျက်ရှိကြပါသည်။

၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ-၂၁ အား ဖောက်ဖျက်ကျူးလွန်ပါက (၁)နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ်ငါးရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

လမ်းအသုံးပြုသူတို့၏ အသက်အန္တရာယ်ဖြစ်စေနိုင်သော (မော်တော်ယာဉ်ဥပဒေပုဒ်မ-၂၁ တွင် အကျုံးဝင်သည့်) အောက်ပါယာဉ်စည်းကမ်းဖောက်ဖျက်မှုများအား တွေ့ရှိပါက ယာဉ်မောင်းအား မော်တော်ယာဉ်ဥပဒေပုဒ်မ-၂၆ (၁)အရ ဖမ်းဆီး၍ မော်တော်ယာဉ်အား မော်တော်ယာဉ်ဥပဒေပုဒ်မ ၂၆(၃) နှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။ ယာဉ်မောင်းအား သက်ဆိုင်ရာမြို့နယ်ရဲစခန်းများတွင် မော်တော်ယာဉ်ဥပဒေပုဒ်မ-၂၁ အရ အမှုဖွင့်အရေးယူ၍ ငွေဒဏ်အပြင် ထောင်ဒဏ်ပါ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်-

(က) မှတ်ပုံတင်ထားခြင်းမရှိသောယာဉ်အား အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း။
(ခ) နှစ်လမ်းမောင်းလမ်းတွင် မဆင်မခြင် ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း။
(ဂ) အရက်သေစာသောက်စားမောင်းနှင်ခြင်း။
(ဃ) ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်းနှင်ခြင်း (လိုင်စင်ပိတ်သိမ်းခြင်းခံရသောအမှုများပါဝင်သည်။)
(င) မီးနီအချက်ပြမှုအား တမင်သိလျက်နှင့် အခြားယာဉ်များအား အန္တရာယ်ဖြစ်စေအောင် မောင်းနှင်ခြင်း။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**






**❖ စာမျက်နှာ ၉ မှ**

ပြည်တွင်းပြည်ပ မည်သူ့ကိုမဆို လက်ကမ်းကြိုဆိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အထိလည်း တက္ကသိုလ်ကျောင်းသားဟောင်းတွေ ပါဝင်ကူညီနေတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၁ ခုနှစ်ကနေစပြီး တက္ကသိုလ်ကို ရုပ်ပိုင်းဆိုင်ရာရော၊ အရည်အသွေးပိုင်းဆိုင်ရာရော တိုးတက်အောင် လုပ်ဆောင်တဲ့နေရာမှာ စီမံကိန်းချမှတ်ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ စီမံကိန်းထဲမှာပါဝင်ပြီးတော့ ဆောင်ရွက်ဖို့ မည်သူ့ကိုမဆို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိနေပါတယ်ဆိုတဲ့အကြောင်းကို သတင်းကောင်းပါးချင်ပါတယ်။

ပြည်တွင်းပြည်ပက မည်သူ့ကိုမဆို ပူးပေါင်းဆောင်ရွက်မှုကို လက်ခံတဲ့အကြောင်းနဲ့ ဒီလိုပါဝင်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ Master Plan နဲ့အညီ ပါဝင်ဆောင်ရွက်ကြဖို့လိုတဲ့အကြောင်း ပြောပြချင်ပါတယ်။

**မေး။ ရှေ့ဆက်ဆောင်ရွက်မယ့်အခြေအနေနဲ့အခြားပြောကြားလိုတာများရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ဖြည့်စွက်ပြောကြားလိုတာကတော့ ၂၀၁၁ ခုနှစ်ကနေစပြီး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ ဆောင်ရွက်တယ်။ နိုင်ငံတော်အဆင့်အနေနဲ့ ကြည့်မယ်ဆိုရင် တစ်နိုင်ငံလုံးပေါ့။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေထဲမှာ ကျွန်တော်တို့ ပညာရေးအပိုင်းအနေနဲ့လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်တယ်။ အဓိကပြုပြင်ပြောင်းလဲခြင်းဟာ ဥပဒေနဲ့အညီ ပြုပြင်ပြောင်းလဲခြင်းဖြစ်ဖို့ လိုအပ်ပါတယ်။ တည်ဆဲဥပဒေနဲ့အညီဖြစ်ဖို့အတွက် အမျိုးသားပညာရေးဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လွှတ်တော်ကနေလည်း အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အတည်ပြုပြီးဖြစ်တဲ့ အမျိုးသားပညာရေး ဥပဒေကနေ ဆက်လက်ပြီးဆွဲရမယ့် ဥပဒေတွေကတော့ အဆင့်မြင့်ပညာဥပဒေ၊ အခြေခံပညာဥပဒေ၊ အသက်မွေးဝမ်းကျောင်းပညာဥပဒေ၊ ဆရာအတတ်ပညာဥပဒေနဲ့ ပုဂ္ဂလိကဆိုင်ရာဥပဒေတွေကို ဆက်ပြီးဆွဲရမှာ ဖြစ်ပါတယ်။ ခုလောလောဆယ် အဆင့်မြင့်ပညာဥပဒေနဲ့ အခြေခံဥပဒေတွေကို ရေးဆွဲနေပါတယ်။ ရေးဆွဲတဲ့ဥပဒေတွေမှာ အဓိကကတော့ တက္ကသိုလ်တွေဟာ လွတ်လပ်စွာ ရပ်တည်ပြီး သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆိုင်ရာကိစ္စရပ်၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စရပ်၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်တွေကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲတဲ့စနစ်ကို သွားဖို့ပဲဖြစ်တယ်။

အဲဒီလိုသွားတဲ့အခါမှာ မူဝါဒအားဖြင့် အမျိုးသားပညာရေးဥပဒေမှာ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဘယ်ပုံစံနဲ့ သွားကြမယ်။ ဘယ်လိုသွားကြမယ်ဆိုတာကို အခုဆက်လက်ရေးဆွဲမယ့် အမျိုးသားပညာရေးနည်းဥပဒေနဲ့ အဆင့်မြင့်ပညာကဏ္ဍဥပဒေတွေမှာ မူတည်တယ်။ တက္ကသိုလ်တိုင်းမှာ တက္ကသိုလ်ပဋိညာဉ်ကိုလည်း ရေးဆွဲရမယ်။ အဲဒီတက္ကသိုလ်ပဋိညာဉ်မှာ ကိုယ့်တက္ကသိုလ်မှာ ဘယ်လိုအချက်တွေကို ဆောင်ရွက်မယ်။ မဆောင်ရွက်ဘူးဆိုတဲ့ do and don't ဆိုတာတွေကို ပြဋ္ဌာန်းထားမှာဖြစ်တယ်။ တက္ကသိုလ်ကျောင်းသားတိုင်းဟာ တက္ကသိုလ်ကျောင်းသားဘဝကို အပြည့်အဝခံစားနိုင်ဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်က မွေးထုတ်လိုက်တဲ့ကလေးတိုင်းကို မိမိဘဝမှာ မိမိသင်ကြားခဲ့တာတွေနဲ့အညီ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိဖို့ အဓိကဆောင်ရွက်နေပါတယ်။ သင်ကြားမယ့် သင်ရိုးညွှန်းတမ်းတွေကိုလည်း တက္ကသိုလ်က ပါမောက္ခတွေကနေ လက်တွေ့စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းအစရှိသဖြင့် လုပ်ငန်းရှင်တွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်တယ်။ လက်တွေ့လုပ်ငန်းခွင်မှာ လိုအပ်နေတဲ့ အရည်အသွေးနဲ့ မွေးထုတ်ပေးလိုက်တဲ့ ကလေးတွေရဲ့ အရည်အချင်းနဲ့ ကိုက်ညီစေဖို့ပဲ ဖြစ်ပါတယ်။

လာရောက်ပြီး လေ့လာချင်ရင်လည်း ဖိတ်ခေါ်ပါတယ်။ အကြံဉာဏ်တွေပေးမယ်ဆိုရင်လည်း ဖိတ်ခေါ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ အားလုံးကို ကြိုဆိုပါတယ်။ လှူဒါန်းမှုတွေကို ကြိုဆိုပါတယ်။ ရရှိလာတဲ့ လှူဒါန်းမှုတွေကို ထင်သာမြင်သာနဲ့ ပွင့်လင်းမြင်သာမှုရှိရှိနဲ့သုံးမယ်ဆိုတာ အာမခံပြီး ဆောင်ရွက်ပါ့မယ်။

သုတေသနအပိုင်းမှာလည်း တက္ကသိုလ်ကပြုလုပ်တဲ့ သုတေသနတွေဟာ တက္ကသိုလ်စာကြည့်တိုက်မှာ သိမ်းဆည်းထားပြီး ပြီးဆုံးသွားတာမျိုးမဟုတ်ဘဲ လက်တွေ့နယ်ပယ်ထဲမှာ အသုံးချနိုင်အောင် ဆောင်ရွက်ပါ့မယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း တက္ကသိုလ်မှာလုပ်ဆောင်နေတဲ့ သုတေသနလုပ်ငန်းတွေကို သိရှိစေချင်တယ်။ အဲဒီလိုသိစေဖို့ သိပ္ပံပွဲခင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးဟာ အရင်အခြေအနေတွေနဲ့မတူတော့ဘဲ ရုပ်ပိုင်းဆိုင်ရာရော အရည်အသွေးပိုင်းတွေမှာပါ တိုးတက်လာအောင် စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ နှစ်စဉ်ဘဏ္ဍာငွေတွေကို တိုးမြှင့်ပြီးလည်း ဆောင်ရွက်ပါတယ်။ အားလုံးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း ပြောကြားချင်ပါတယ်။

အဆောင်ဟောင်းတွေကို ပြင်ဆင်တဲ့အပြင် နိုင်ငံတကာတက္ကသိုလ်တွေကလာတဲ့အခါ အဆင်ပြေအောင် ကျောင်းသူ ၄၀၀ ဆံ့ အဆောင်တွေ၊ ကျောင်းသား ၄၀၀ ဆံ့အဆောင်တွေ ဆောက်လုပ်နေတယ်ဆိုတာကိုလည်း သိစေချင်ပါတယ်။ ဆရာ ဆရာမတွေ ဝန်ထမ်းတွေရဲ့ အိမ်ရာစီမံကိန်းတွေကို စတင်ဆောက်လုပ်နေပါပြီ။ ယခုအထိတော့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဆောင်ရွက်နေပါတယ်။

တက္ကသိုလ်တွေမှာ လေ့လာသင်ယူတဲ့အခါ ဘာသာရပ်တိုင်းအတွက် အင်္ဂလိပ်စာအသုံးပြုလေ့လာရတာကြောင့် နိုင်ငံတကာကျောင်းတွေနဲ့ ဆက်သွယ်တဲ့အခါမှာလည်း အင်္ဂလိပ်လို အသုံးပြုရတဲ့အတွက် တက္ကသိုလ်တွေမှာ ပြိုင်ပွဲတွေပြုလုပ်ပေးပြီး ဆရာ ဆရာမတွေကိုလည်း အင်္ဂလိပ်စာသင်တန်းတွေ ပေးနေပါတယ်။



**လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန မြောက်ဥက္ကလာပမူကြိုကျောင်း၏ ကလေးကစားကွင်းအဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပစဉ်။**

(ကြေးမုံ)

**○ အာဆီယံမှ**

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်သို့ တိုက်ရိုက်ချိတ်ဆက်ပျံသန်းပေးမည့် တစ်ခုတည်းသော လေကြောင်းလိုင်းလည်းဖြစ်သည်။

အာဆီယံနိုင်ငံများအသင်းကိုယ်စားပြု လေကြောင်းလိုင်းအဖြစ် ရပ်တည်ခဲ့ပြီး မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံတို့တွင် အခြေစိုက်ပြီး ကွန်ရက်များဖြန့်ကြက်ကာ အာဆီယံနိုင်ငံများတွင် သာမက တရုတ်၊ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံများသို့လည်း ပျံသန်းနိုင်ခဲ့သည်။ Skytrax မှ နှစ်စဉ်ချီးမြှင့်သည့် ကမ္ဘာ့အကောင်းဆုံး စရိတ်သက်သာသော လေကြောင်းဆုကို ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆက်တိုက်ရရှိထားသည့် လေကြောင်းလိုင်းလည်း ဖြစ်သည်။

ကွာလာလမ်ပူ-နေပြည်တော်နှင့် နေပြည်တော်-ကွာလာလမ်ပူမြို့သို့ နိုဝင်ဘာ ၁၀ ရက်မှစတင်၍ နေ့စဉ်စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ရာ ခရီးစဉ်တစ်ကြောင်းလျှင် သက်သာသော အထူးလျှော့စျေး အမေရိကန်ဒေါ်လာ ၃၃ ဒေါ်လာဖြင့် လေယာဉ်လက်မှတ်များကို www.airasia.com တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ကွာလာလမ်ပူမှ လေယာဉ်အမှတ် AK 9590 ဖြင့် မလေးရှားစံတော်ချိန် ၁၃ နာရီ မိနစ် ၅၀ တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်သို့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ နေပြည်တော်မှ ကွာလာလမ်ပူသို့ လေယာဉ်အမှတ် AK 9591 ဖြင့် မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၅၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ကွာလာလမ်ပူသို့ မလေးရှားစံတော်ချိန် ၂၀ နာရီ ၃၅ မိနစ်တွင်ရောက်ရှိမည်ကာ ပျံသန်းချိန် သုံးနာရီကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

Air Asia လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ်က "ကျွန်တော်တို့ဟာ စစ်မှန်ကောင်းမွန်တဲ့ အာဆီယံလေကြောင်းလိုင်းဖြစ်တာနဲ့အညီ ဒေသတွင်းက နိုင်ငံအချင်းချင်း လွယ်ကူချောမွေ့စွာ ဆက်သွယ်နိုင်ဖို့ ကြိုးစားသွားမှာပါ။ ဒါကြောင့်လည်း လည်ပတ်ချင်စရာနေရာကောင်းတွေ အများကြီးရှိပြီး အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့ နေပြည်တော်နဲ့ တိုက်ရိုက်ချိတ်ဆက် ပျံသန်းနိုင်ဖို့ ကြိုးစားခဲ့တာပါ။ Air Asia လေကြောင်းလိုင်းအနေနဲ့လည်း အာဆီယံနိုင်ငံများနဲ့ အခြားနေရာများစွာကို ကျယ်ပြန့်တဲ့ ကွန်ရက်နဲ့ ဆက်သွယ်ပေးထားပြီး ကွာလာလမ်ပူမှ နေပြည်တော်သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲပေးမယ့် တစ်ခုတည်းသော လေကြောင်းလိုင်းဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအဖွဲ့အစည်းများနဲ့ နေပြည်တော်ကို သွားရောက်တဲ့အခါ ရွေးချယ်စရာ ပိုမိုရရှိလာအောင် ကူညီပေးခွင့်ရလို့ များစွာဂုဏ်ယူမိပါတယ်"ဟု ပြောကြားသည်။

**(နေဇာဇာထွန်း-ကြေးမုံ)**


❐

# မြိတ်အကျဉ်းထောင်တွင် "အ" သုံးလုံးသင်တန်းဖွင့်

**မြိတ် နိုဝင်ဘာ ၄**

မြိတ်အကျဉ်းထောင်တွင် အခြေခံစာပေပညာဖြင့် လူမှုပတ်ဝန်းကျင်တွင် စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် တန်းတူညီမျှ လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ အခြေခံစာတတ်မြောက်ရေး "အ" သုံးလုံးသင်တန်းအမှတ်စဉ်(၈)ကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆောင်(၁)၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့် မြိတ်အကျဉ်းထောင်တာဝန်ခံထောင်မှူး ဦးညွန့်ဝင်းတို့က အမှာစကားနှင့်ဆုံးမသြဝါဒများ ပြောကြားခဲ့ကြသည်။ ယင်းနောက် မြိတ်အကျဉ်းထောင်တာဝန်ခံ ထောင်မှူးက သင်တန်းနည်းပြအားသင်ကြားမှု အထောက်အကူပစ္စည်းများဖြစ်သည့် သင်ရိုးညွှန်းတမ်း၊ ဗလာစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခိုင်ထူး(ခရိုင်ပြန်/ဆက်)**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ ဆည်မြောင်းဦးစီးဌာန၊ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်တို့မှ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

- ဘီးလင်းမြို့နယ်၊ ဘီးလင်းမြစ် ရေကြီးရေလျှံကာကွယ်ရေး တမံတူးဖော် ချဲ့ထွင်ခြင်းနှင့် ရေနုတ်မြောင်း(၇)မြောင်း တူးဖော်ခြင်းလုပ်ငန်း
- ကျိုက်မရောမြို့နယ်၊ အတ္တရံမြစ် ရေကြီးရေလျှံကာကွယ်ရေး ရေနုတ်မြောင်း (၁၉) မြောင်းတူးဖော်ခြင်းလုပ်ငန်း

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် - ၅-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)
(ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မော်လမြိုင်မြို့
(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊အချိန် - ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ
(ဃ) တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀ နာရီ
(င) တင်ဒါဖွင့်မည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ တင်ဒါစည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၀၇၂၊ ၂၁၁၆၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၀၁၄-၂၀၁၅)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။
(က) ကျိုက်ထိုမြို့နယ်၊ စစ်တောင်းကျေးရွာ(ဆိပ်ကမ်းသာကျေးရွာ) ကမ်းပြိုကာကွယ်ရေးလုပ်ငန်း
(ခ) ကျိုက်ထိုမြို့နယ်၊ ခဝဲချောင်းကျေးရွာ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း
(ဂ) ဘီးလင်းမြို့၊ ဘီးလင်းမြစ် ရေကြီးရေလျှံ ကာကွယ်ရေးလုပ်ငန်း (ဘီးလင်းမြစ်သောင်တူးလုပ်ငန်း)

၂။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်မြို့
၃။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)
၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊အချိန် - ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀နာရီ
၅။ တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၁၉-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃း၀၀နာရီ
၆။ တင်ဒါဖွင့်မည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်မြို့။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်ရုံး ဖုန်း-၀၅၇-၂၄၆၅၃၉၊ ၀၉-၄၉၀၀ ၅၈၁၄ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန
## ဆေးတက္ကသိုလ်၊ တောင်ကြီး
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်၊ တောင်ကြီးတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| | ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်း | | |
|---|---|---|---|
| စဉ် | တည်နေရာ/တက္ကသိုလ်အမည် | | ဆောင်ရွက်မည့်လုပ်ငန်းများ |
| ၁။ | ရှမ်းပြည်နယ် | ဆေးတက္ကသိုလ်၊ တောင်ကြီး | (၁) ဒုတိယပါမောက္ခချုပ်နေအိမ် (၂)ထပ် တည်ဆောက်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၁-၁၀-၂၀၁၄မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၁၁-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်း တစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဆေးတက္ကသိုလ်၊ တောင်ကြီးရုံးခန်း(ယာယီ)ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနဝင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၅။ အသေးစိတ်သိရှိလိုသောအချက်အများကို ဆေးတက္ကသိုလ်၊ တောင်ကြီး ဖုန်း-၀၈၁-၂၁၂၄၈၆၁၊ ၀၈၁-၂၁၂၄၈၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကရင်ပြည်နယ် ၊ဘားအံမြို့အမှတ်(၅)ရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်နှင့် ယာဉ်ပေါ်ပါ *WY* စိတ်ကြွဆေးပြားများဖမ်းဆီးရမိ



**ဘားအံ၊ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ရာဘာခြံလမ်း၌ မူးယစ်ဆေးသုံးစွဲ၊ ရောင်းဝယ် လုပ်ကိုင်သူတစ်ဦးကို WY စိတ်ကြွဆေးပြားများအား လိုင်စင်မဲ့ယာဉ်ဖြင့်တင်ဆောင်လာစဉ် သတင်းအရ မူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၁)ဘားအံမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၁)ဘားအံမှ အဖွဲ့ခေါင်းဆောင် ဒုရဲအုပ်စိုးနိုင်ဦးစီးအဖွဲ့သည် မူးယစ်ဆေးဝါးရောင်းချနေသော သတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့ အမှတ်(၅)ရပ် ကွက်၊ ရော်ဘာခြံလမ်းတွင် စောင့်ဆိုင်းနေစဉ် HONDA FIT အမျိုးအစား (အဖြူရောင်)မော်တော်ယာဉ်အား မောင်းနှင်လာသည့် စိုးသိန်း(ခ)အီစမိုင်ကို မသင်္ကာ၍ ယာဉ်အားရပ်တန့်ရှာဖွေခဲ့ရာ ၎င်းထိုင်နေသည့် အောက်ခံခြေနင်းပြားပေါ်မှ အနက်ရောင် မီးတိပ်ဖြင့် ပတ်ထားပြီး အပြာရောင်ကပ်ခွါအိတ်ဖြင့် ထည့်ထားသော (WY) စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ပြားနှင့် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ထားသည့် (WY) စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ပြား၊ စုစုပေါင်း ၂၂၆ ပြား၊ အလေးချိန် ၂၂ဒသမ၆ဂရမ်နှင့်၅ဂ/××××နံပါတ် တပ်ဆင်ထားသော HONDA FIT အမျိုးအစားအဖြူရောင် လိုင်စင်မဲ့ယာဉ်တစ်စီးတို့အား ဒုရဲအုပ်စိုးနိုင်မှသက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသော စိတ်ကြွဆေးပြားများနှင့်ပတ်သက်၍ စိုးသိန်း(ခ)အီစမိုင်အား စစ်မေးရာ အဆိုပါဆေးပြားများကို ဘားအံမြို့နယ် ပိန္နဲတောကျေးရွာနေ အာခရိမ်ထံမှ အောက်တိုဘာ ၂၄ ရက်နံနက်၉နာရီခွဲခန့်က မြိုင်သာယာလမ်း၌ တွေ့ဆုံဝယ်ယူခဲ့ခြင်းဖြစ်ပြီး ဆေးပြားတစ်ပြားလျှင် ၁၄၀၀ ကျပ်နှုန်းဖြင့် စိတ်ကြွဆေးပြား ၃၀၀ ပြားအား ငွေကျပ် ၄၂၀၀၀၀ ကျပ်ဖြင့်ဝယ်ယူခဲ့ကြောင်း၊ယခုဖမ်းဆီးရမိသောဆေးပြားများသည် ၎င်းသုံးစွဲ၊ ရောင်းချရာမှ ကျန်ရှိသောဆေးပြားများဖြစ်ကြောင်းထွက်ဆိုခဲ့သည်။

စစ်ဆေးထွက်ဆိုချက်အရ ကွင်းဆက်တရားခံ အာခရိမ်နေထိုင်ရာ ဘားအံမြို့နယ် ပိန္နဲတောကျေးရွာသို့ သက်သေများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ သွားရောက်စုံစမ်းရှာဖွေခဲ့သော်လည်း အာခရိမ်က နေအိမ်မှ ထွက်ပြေးတိမ်းရှောင် လွတ်မြောက်သွားခဲ့သည်။

အမှုနှင့်ပတ်သက်၍ စိတ်ကြွဆေးပြားများ လက်ဝယ်တွေ့ရှိသူ စိုးသိန်း(ခ)အီစမိုင်၊ (၃၄)နှစ်၊ (ဘ) ဦးခင်မောင်အေး၊ ရော်ဘာခြံ(၄)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဘားအံမြို့နေသူနှင့် စိတ်ကြွဆေးပြားများရောင်းချပေးသူ အာခရိမ် (ထွက်ပြေးတိမ်းရှောင်)၊ ပိန္နဲတောကျေးရွာ၊ ဘားအံမြို့နယ်နေသူတို့နှစ်ဦးအား ဒုရဲအုပ်စိုးနိုင်မှ တရားလိုပြုလုပ်တိုင်တမ်း၍ ဘားအံမြို့မရဲစခန်း (ပ) ၄၂/၂၀၁၄၊မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပြီးအမှုစစ်အဖြစ် ဒုရဲအုပ်ညီညီစိုးက စစ်ဆေးဆောင်ရွက်လျက်ရှိကာ ကွင်းဆက် တရားခံဖမ်းဆီးရမိရေးအတွက်ဆောင်ရွက်လျက်ရှိသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ပြည်သာယာရွာ တံတားအနီးတွင် လမ်းလျှောက်နေသူတစ်ဦး ကားကြိတ်မိ၍သေဆုံး

**ကသာ၊ နိုဝင်ဘာ ၄**

ကသာခရိုင် ကသာမြို့နယ်၊ပြည်သာယာရွာတံတားအနီးတွင် နိုဝင်ဘာ ၃ ရက် နံနက် ၈နာရီခန့်ကလမ်းလျှောက်နေသူဦးထွန်းရွှေအသက် ၅၈နှစ်၊ ပြည်သာယာရွာနေသူသည် ကားကြိတ်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ကသာမြို့ရဲစခန်းမှ ရဲအုပ်သိန်းနိုင်နှင့် အဖွဲ့က သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ ယာဉ်မောင်းအောင်မိုးဆွေ(ခ)မိုးဆွေ မောင်းနှင်သည့် ၁၀ ဘီးကားသည် ပြည်သာယာရွာတံတားအနီးအရောက် လမ်းလျှောက်လာသူ ဦးထွန်းရွှေအား ကားယာဘက် နောက်ဘီးဖြင့် ကြိတ်မိရာ ဦးထွန်းရွှေမှာ ဦးခေါင်းကွဲကြေ၊ ဦးနှောက်ပွင့်ထွက်ဒဏ်ရာ၊ယာဘက်တံတောင်ဆစ်နှင့်ရင်ဘတ်တို့တွင်ပွန်းပဲ့ဒဏ်ရာရရှိပြီး သေဆုံးနေကြောင်းတွေ့ရသဖြင့် ၁၀ ဘီးကားမောင်းနှင်သူ အောင်မိုးဆွေအား အရေးယူဆောင်ရွက်လျက်ရှိသည်။

**ခရိုင်ပြန်/ဆက်**

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

UNIQUE STAR TRAVELS & TOURS

ဦးအောင်နိုင်
LCCI
Level - I, II, III

Pleasant Times
Travels & Tours Co.,Ltd

အမြန်ရောင်းမည်
မ/ဒဂုံ၊ ၄၃ရပ်ကွက်၊ ဗထူးလမ်း၊ အရှေ့ဒဂုံ ဗထူးလမ်း။
Ph: 09-250619727, 09-49331192

စာအုပ်စာပေလှူမှိတ်ဆွေ

POPULAR STAR

PANDA Air-Con Service
09 515 8803, 09 253833810

GOLDEN STAR

## အကယ်ဒမီဖန်းကိုင်လျှောက်လွှာခေါ်ယူခြင်း

၂၀၁၃ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အကယ်ဒမီရွှေကြို (ယခင်-အကယ်ဒမီဖန်းကိုင်) လျှောက်ထားလိုသူ အမျိုးသား၊ အမျိုးသမီးများသည် ၄-၁၁-၂၀၁၄ရက်မှစ၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် လျှောက်လွှာများထုတ်ယူနိုင်ပါသည်။ ၂၈-၁၁-၂၀၁၄ ရက် ညနေ ၅နာရီ နောက်ဆုံးထား၍လျှောက်လွှာများ တင်သွင်းရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

# ကလောမြို့ သစ်ထွင်းရေထွက်မှ ရေသွယ်ယူ၍ ရေပေးဝေရေး တိုးချဲ့ဆောင်ရွက်

**ကလော၊ နိုဝင်ဘာ ၄**

ဂျပန်နိုင်ငံ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ်စည်ပင်သာယာ ရေးကော်မတီမှ ကလောမြို့ပေါ် ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရန် သစ်ထွင်းရေထွက်မှ ရေသွယ်ယူမှု တိုးချဲ့ကာ စတင်ရေပေးဝေသည့်အခမ်းအနား ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကလောမြို့ အမှတ် ၉ ရပ်ကွက် ထင်းရှူးမြေဂေါက်ကွင်း ကျင်းအမှတ် ၄ အနီး ရေဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန်ကြီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း မြန်မာနိုင်ငံ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr. MAPSU O KA၊ ရှမ်းပြည်နယ် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးယုလွင်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ကလော မြို့နယ်အမှတ် ၂ မဲဆန္ဒနယ် ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် ဦးမြတ်စိုး၊ မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးမှူး ဦထင်ကျော်၊ မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးမှူး ဦးမျိုးမြင့် အောင်၊ စိုက်ပျိုးရေးဌာန ဦးစီးမှူး ဒေါ်လှလှ ညွန့်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်း ဗိုလ်၊ မြို့ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးသန်း လွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင် များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တောင်ရိုး ဓနု တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကဖျော် ဖြေရေးအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်အောင်က ကျေးဇူးတင်အဖွင့်အမှာစကားပြောကြားပြီး ဂျပန်သံရုံး ပထမအတွင်းဝန် Mr.MAPSU O KA၊ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုး သန်း၊ ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးရေး လက်ထောက်ညွှန် ကြားရေးမှူး ဦးစိုးယုလွင်၊ မြို့နယ်ရေရရှိရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့မှ အခမ်း အနားကိုဖွင့်လှစ်ပေးပြီး သစ်ထွင်းရေထွက် တိုး ချဲ့ရေပေးဝေရေးအထိမ်းအမှတ်လက်ဆောင် များကို စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ရှမ်းပြည်နယ်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဝင်း၊ မြို့နယ်ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးသန်း လွင်က ဂျပန်သံရုံး ပထမအတွင်းဝန် Mr, MapSuOKa တို့အား ပေးအပ်ခဲ့ကြသည်။

အဆိုပါသစ်ထွင်းရေထွက်မှ ရေတိုးချဲ့ပေး ဝေရေးကို ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ



ထောက်ပံ့ရေးအစီအစဉ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀၉၉၄၈ ဒေါ်လာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က ကလောမြို့ ၁၀ ရပ်ကွက်ရှိ ပြည်သူလူထုသို့ ရေအေးကန်နှင့် အင်ပြင်ရေထွက်တို့မှရေကို မျှ၍ပေးဝေခဲ့ရာမှ ယခုသစ်ထွင်းရေထွက်မှ ကလောမြို့ရပ်ကွက် ၈၊ ၉၊ ၁၀ ရှိ အိမ်ခြေ ၇၂၄၊ အိမ်ထောင်စု လူဦးရေ ၃၀၉၂ ဦးသို့ မူလက တစ်ရက်လျှင် ရေဂါလန် ၄၀၀၀၀ ပေးဝေနေရာမှ သစ်ထွင်းရေထွက်မှ သီးသန့် တစ်ရက်လျှင် ရေဂါလန် ၈၀၀၀၀ တိုးချဲ့၍ ရေပေးဝေသွားမည်ဖြစ်သည်။

ကလောမြို့ရှိ ကျန်ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ ရပ်ကွက်တို့တွင်လည်း ရေအေးကန်နှင့် အင်ပြင်ရေထွက်များမှရေကို ပိုတိုး၍ပေးသွား မည်ဖြစ်ကြောင်း ကလောမြို့နယ် စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာ လှမြင့်က ပြောသည်။ **ဇော်သိန်းရည်**



စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဒေါင့်ကြီးကျေးရွာ အလယ်တန်းကျောင်းအား အထက်တန်းကျောင်း(ခွဲ) ဖြစ်မြောက်ရေးကြိုးပမ်းနေခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံမိဘပြည်သူများ ကျောင်းဝန်းအတွင်း ပန်းဥယျာဉ်နှင့် သစ်ပင်များ တပျော်တပါးစုပေါင်းစိုက်ပျိုးနေကြစဉ်။ **(ကြေးမုံ)**

## ကချင်ပြည်နယ်မြေစာရင်းဦးစီးဌာနကကြီးမှူး၏ အခြေခံမြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း သင်တန်းဖွင့်လှစ်

**မြစ်ကြီးနား၊ နိုဝင်ဘာ ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ကချင်ပြည်နယ် မြေစာ ရင်းဦးစီးဌာနကကြီးမှူး၏ အခြေခံမြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ပိုင်းတွင် မြစ်ကြီးနားမြို့ ခရိုင်မြေစာရင်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်မြေစာရင်းဦးစီးမှူးက သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားခဲ့ပြီး ခရိုင်မြေစာရင်းဦးစီးမှူးက လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ ကြောင်းသိရသည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် မြေတိုင်းတာရာ၌ လိုက်နာရမည့်အချက်များ၊ လယ်ယာမြေဥပဒေ နည်း ဥပဒေများ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ညွှန်ကြား ချက်များ၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲ ရေးဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ မြစ်ကြီးနား၊ ဆင်ဘို၊ အင်ဂျန်းယန်၊ ချီဖွေ၊ ပန်ဝါ၊ ဆော့လော်မြို့နယ်များမှ သင်တန်းသား ၄၄ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အခြေခံမြေတိုင်းတာခြင်းနှင့်မြေစာရင်း လုပ် ငန်း သင်တန်းဖွင့်ပွဲသို့ ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးစော ဝင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇေယျာကျော်နှင့် ဝန်ထမ်းများ၊ မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်များမှ မြေစာရင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**စစ်တောင်းအသင်းရန်ကုန်**
**အမှုဆောင်ပြန်လည်ရွေးချယ်ရန် အစည်းအဝေးဖိတ်ကြားခြင်း**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာ၏ စစ်တောင်းအသင်း ရန်ကုန် အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ စစ်တောင်းသား၊ စစ်တောင်း သူများ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) (၁၃၇၆ခုနှစ်၊ အမျိုးသားနေ့)
အချိန် - မွန်းလွဲ ၁၃:၀၀ နာရီ
နေရာ - ဦးဇော်မင်း-ဒေါ်နွဲ့နွဲ့ဝင်း
အမှတ်(၂၀)၊ (၉၀နမှတ်တိုင်အနီး EPC ရုံးရှေ့)၊ ဣစ္ဆာသယလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-
ဦးဇော်မင်း ဖုန်း-၀၁-၈၅၅၀၅၄၀၊ ၀၉-၅၁၄၁၄၇၁၊ ဦးငွေးဝင်း(ဒုရဲမှူး-ငြိမ်း)၊ ဖုန်း-၀၉-၂၅၀၀၂၃၃၈၅၊ ဦးသိန်းအောင် ဖုန်း-၀၁-၆၆၃၃၉၀၊ ၀၉-၂၅၀၂၈၀၃၂၂၊ ဦးဝင်းတင်(ဦးစီး အရာရှိ/ဂီတ(ငြိမ်း)MRTV) ဖုန်း-၀၉-၄၂၀၀၉၉၆၀၃၊ ဒေါက်တာစိုးသိန်း ဖုန်း-၀၉-၅၁၄၆၃၀၆၊ ဦးသက်ထွန်း ဖုန်း-၀၉-၄၉၃၀ ၄၈၆၉

**ဖြစ်မြောက်ရေးကော်မတီ၊ စစ်တောင်းအသင်း၊ ရန်ကုန်**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမမှုကြီးအမှတ်- ၂၃၀**

ဒေါ်နီလာထွေး နှင့် ၁။ ဦးဘိုဘိုဝင်း၊ ၂။ ဦးခင်မောင်မိုး၊ ၃။ ဒေါ်မြင့်မြင့်အေး
၄။ ဦးခင်မောင်ထွန်း၊ ၅။ ဦးမင်းခင်၊ ၆။ C.A နိကလပ်
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃ရပ်ကွက်၊ ၃၅လမ်း၊ ၄လွှာ(ညာ)၊ အမှတ်-၁၇/၂၁နေ အတူနေမောင်နှမများဖြစ်ကြသည့် ၂။ ဦးခင်မောင်မိုး၊ ၃။ ဒေါ်မြင့်မြင့်အေး၊ ၄။ ဦးခင်မောင်ထွန်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်းသွယ်၊ အမှတ်(၉၅)နေ ၅။ ဦးမင်းခင်နှင့် ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ ခြံအမှတ်(၂)နေ ၆။ C.A နိကလပ်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလို ဒေါ်နီလာထွေးက မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်တို့ကိုကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူက တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေလင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

**အများသိစေရန်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပုလဲ(၃)လမ်း၊ အမှတ်(၅၀၆)နေ ဦးကျော်ရှိန်[၁၂/ဥကမ(နိုင်)၀၉၄၄၄၁] ကိုင်ဆောင်သူမှ မခင်စန္ဒာထွေး[၁၂/ဥကမ(နိုင်)၁၆၇၄၃၇] ကိုင်ဆောင်သူအား ၁၈-၇-၂၀၁၄ ရက်တွင် ကြေးမုံသတင်းစာ၌ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးကျော်ရှိန်

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဒေါ်ခင်စန္ဒာထွေး [၁၂/ဥကမ(နိုင်)၁၆၇၄၃၇]ကိုင်ဆောင်သူမှ ၂၆-၇-၂၀၁၄ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၅)ပါ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါ ကြောင်းနှင့် မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပုလဲ(၃)လမ်း၊ အိမ်အမှတ် (၅၀၆)ရှိ ဦးကျော်ရှိန်ပိုင်ဆိုင်သော နေအိမ်နှင့်ပတ်သက်၍ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းအား ပိတ်ပင်တားမြစ်ခြင်း မပြုလုပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်ခင်စန္ဒာထွေး

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

# အစားသောက်နှင့်ဆေးဝါးကြီးကြပ်ရေးအဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ပညာပေးဆောင်ရွက်

**တနင်္သာရီ၊ နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏ ကြီးကြပ်မှုဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသူ၊ ကျောင်းသားများ အစားအသောက်အန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ အစားသောက်နှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ပညာပေးဆောင်ရွက်မှုကို တနင်္သာရီမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိမွေးကု၊ ပညာရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော မြို့နယ်အစားသောက်နှင့်ဆေးဝါးကြီးကြပ်ရေးအဖွဲ့တို့သည် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသားငါးဈေးဆိုင်များအား သန့်ရှင်းလတ်ဆတ်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ သတ်မှတ်အလေးချိန်ရောင်းချမှုနှင့် တားမြစ်ထားသော အခြားလူသုံးကုန်များ၊ တရုတ်စာတမ်းပါ မုန့်မျိုးစုံရောင်းချနေမှုများ၊ အိုင်အိုဒင်းဆား အရည်အသွေးပြည့်ဝမှုအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးမှုများဆောင်ရွက်စဉ် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာမျိုးဇော်ဦးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာဦးစီးမှူးများက ပညာပေးဆွေးနွေးမှုများကို ဈေးဆိုင်ပိုင်ရှင်များအား သိရှိသဘောပေါက်သည်အထိ ပညာပေးရှင်းလင်းပြောကြားခဲ့ရာ ဈေးဆိုင်ရောင်းချသူများကလည်း သိရှိနားလည်၍ သဘောတူခဲ့ကြသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# မိုးပွင့်အဆင့်(၇)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ဒီပဲယင်း၊ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားဖြေလျှော့သည့်လုပ်ငန်းစနစ်များနှင့် မိုးပွင့်အဆင့်(၇) စီမံချက်ကို နိုဝင်ဘာ ၂ ရက်က ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကျေးရွာ အ. ထ. က သို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ကာ နေ့လည် ၁၁ နာရီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားကို မိမိတို့လက်ဝယ်ကိုင်ဆောင်နိုင်သူသာလျှင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းခံရမည်ဖြစ်၍ နိုင်ငံသားတစ်ဦးအနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးရရှိရန် အသက်ပြည့်မီသူတိုင်း စည်းကမ်းချက်နှင့်ကိုက်ညီပါက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားရမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁ ရက်မှ စတင်သည့် မိုးပွင့်အဆင့်(၇)စီမံချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဝန်ထမ်းများက အသက် ၁၀ နှစ်အထက် ကျောင်းသား၊ ကျောင်းသူ ၈၃၀ ဦးအတွက် ပြုလုပ်ပေးထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ် လ. ဝ. က ဦးစီးအရာရှိ ဦးတင်မောင်ငြိမ်း၊ မြို့နယ်ပညာရေး ဦးကြည်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်လင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ကျောင်းသား၊ ကျောင်းသူများထံသို့ လက်ရောက်ပေးအပ်ခဲ့ကြသည်။

ယခုကဲ့သို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်မောင်ငြိမ်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို မိမိတို့၏ စိုင်ပြင် အ. ထ. က စာသင်ကျောင်းသို့ လာရောက်၍ ပြုလုပ်ပေးသဖြင့် ခရီးစရိတ်သက်သာခြင်း၊ စားစရိတ်ကုန်ကျမှုမရှိခြင်း၊ အချိန်ကုန် သက်သာခြင်း၊ စာသင်ကြားမှုမပျက်ခြင်းများကြောင့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**အောင်လင်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**မြင်းမူ၊ နိုဝင်ဘာ ၄**

မီးဘေးလုံခြုံရေးနှင့် မီးသတ်ပညာဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၄) ဆင်းပွဲကို နိုဝင်ဘာ ၁ ရက်က မြင်းမူမြို့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းက သင်တန်းတွင် လက်တွေ့သင်ကြားပေးခဲ့သည့် မီးသတ်ပညာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေက သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက အခြေခံစစ်ရေးပြပညာ၊ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်း၊ မီးသတ်ပိုက်ဆက်နည်း၊ လှေကားနှင့် အပေါ့စားမီးသတ်စက်များ သယ်ဆောင်နေရာယူနည်း၊ အသက်ရှူကိရိယာ အသုံးပြုနည်း၊ ရှေးဦးသူနာပြုစုနည်း၊ မတော်တဆမှုများနှင့် သဘာဝဘေး အန္တရာယ်များ ကျရောက်ပါက ဆောင်ရွက်ရမည့် ကယ်ဆယ်ရေးလုပ်ငန်းများကို စာတွေ့၊လက်တွေ့ သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို မြင်းမူမြို့ပေါ်နှင့် အလ္လကပ္ပကျေးရွာတို့တွင် နှစ်နေရာခွဲ၍ ဖွင့်လှစ်ခဲ့ပြီး မြင်းမူမြို့ပေါ်တွင် ရပ်ကွက်လေးရပ်ကွက်နှင့် ထီးဆောင်း၊ ညောင်ရင်း၊ ပုလဲတန်ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀၊ အလ္လကပ္ပကျေးရွာတွင် ၎င်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၃ ရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀ တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး**

# ငါးအစိုများနေလှမ်းမှုကြောင့် အနံ့ဆိုးများထွက်ရှိ

**ရန်ကုန်၊ နိုဝင်ဘာ ၄**


ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ၉ ရပ်ကွက် ကိုးသုံးလုံးလမ်းနှင့် စိန်စီဂုဏ်ရောင်လမ်းထောင့် ကားလမ်းနှင့်သိပ်မဝေးသောနေရာတွင် လုပ်ငန်းရှင်တစ်ဦးမှ ငါးအစိုများခွဲ၍ နေလှမ်းသည့်လုပ်ငန်း လုပ်ကိုင်နေသောကြောင့် ပတ်ဝန်းကျင်မှ ယင်းအနံ့ဆိုးများကို ရှူရှိုက်နေရကြောင်း သိရသည်။

အဆိုပါလုပ်ငန်းရှင်မှာ ၃ ပေ ၁၅ ပေခန့်အကျယ် ဝါးကြမ်းခင်းပေါ်တွင် နေရာလေးနေရာခွဲ၍ နေလှမ်းထားရာ ကျန်းမာရေးထိခိုက်စေသော အနံ့ဆိုးများ ပျံ့နှံ့လျက်ရှိနေသည်။ ရပ်ကွက်နေပြည်သူများမှ တားဆီးသော်လည်း ဂရုမစိုက်သောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် ရပ်ကွက်နေပြည်သူများက လိုလားနေကြသည်။

**နိုင်ကြီး(ရွှေပြည်သာ)**




**အာရီ SEVEN စံ**
**မြေကွက်ရောင်းဝယ်ရေး**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား? SEVEN စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။
* ပွဲခလုံးဝမယူပါ *
ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၉၅၈၉၅၈




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်(၁၄၈/ခ)၊ မြေကွက်တည်နေရာ အမှတ်(၁၄၈/ခ)၊ နဝရတ်(၈)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းစိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းစိန်(မိခင်)၊ ဦးအုန်းမောင် (ဖခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးသန်းဦး လူပျိုကြီးဘဝဖြင့် ကွယ်လွန်ကြသဖြင့် ကျန်သားသမီးများဖြစ်သော ၁။ ဒေါ်တင်ရီ [၁၂/သကတ(နိုင်)၀၅၄၇၁၈]၊ ၂။ ဒေါ်ခင်ရီ [၁၂/သကတ(နိုင်) ၀၅၂၈၃၅]၊ ၃။ ဦးသန်းထွန်း[၁၂/သကတ(နိုင်)၀၈၈၀၃၈]၊ ၄။ ဒေါ်သင်းသင်းရီ [၁၂/သကတ (နိုင်)၀၅၂၄၃၉]၊ ၅။ ဦးအောင်ထွန်း [၁၂/သကတ(နိုင်)၀၅၂၈၄၀]၊ ၆။ ဦးမြထွန်း [၁၂/သကတ(နိုင်) ၀၅၂၈၃၇]၊ ၇။ ဦးထွန်းနိုင်ဦး [၁၂/သကတ(နိုင်)၀၅၂၈၃၆]၊ ၈။ ဦးမင်းဇော် [၁၂/သကတ(နိုင်) ၁၄၄၀၂၄]၊ ၉။ ဦးညီညီဇော် [၁၂/သကတ(နိုင်)၁၄၄၈၀၉]တို့ထံမှ GP ရသူ ဦးကိုကိုမောင်မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မိုနဲဒါဖက်ရှင်**
- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pant - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
- **Ph:01-292129, 09-250388594, 09975596350**
- **E-mail:kyonedoe@gmail.com**

## လက်ကိုင်ဖုန်းနှင့် Ipaid ခိုးယူသူအားဖမ်းဆီးရမိ

**တာချီလိတ်၊ နိုဝင်ဘာ ၄**

အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ခရိုင်အထူးမှုခင်း နှိမ်နင်းရေးအဖွဲ့ ရဲအုပ်သောင်းရွှေနှင့် အဖွဲ့၊ မယ်ခေါင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းအွတ်၊ ရာအိမ်မှူး ဦးစိန်ဝင်းတို့နှင့်အတူ မယ်ခေါင်ရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းတာဝန်များ ဆောင်ရွက်နေစဉ် မယ်ခေါင်ရပ်ကွက်၊ မိုးသောက်ကြယ်လမ်းကြားတွင် ခိုးမှုဖြင့် မသင်္ကာသူ မနိုင်နိုင်မော်အား တွေ့ရှိသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်ပြီး သက်သေနှစ်ဦးရှေ့တွင် မနိုင်နိုင်မော်အား အမျိုးသမီးချင်း ရှာဖွေခဲ့ကြောင်း သိရသည်။

ယင်းသို့ရှာဖွေရာ သူမ၏ ရင်ဘတ်အတွင်းဝှက်ထားသည့် Apple တံဆိပ်ပါ Iphone အဖြူရောင်လက်ကိုင်ဖုန်းနှစ်လုံးအား ရှာဖွေတွေ့ရှိ၍ စစ်ဆေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်း မရှိသောကြောင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ ဆန်ဆိုင်းရပ်ကွက်အတွင်းမှ Ipaid အဖြူရောင်တစ်လုံး ခိုးယူထားကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

မနိုင်နိုင်မော် ၃၆ နှစ် ကျောက်တောင်၊ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့နေသူအား တာချီလိတ် မြို့မရဲစခန်းက (ပ)၂၂၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

## အမြန်လမ်းပေါ် နွားအုပ်များကြောင့် ယာဉ်အန္တရာယ် ဂရုပြုရန်လို

**ရေတာရှည် နိုဝင်ဘာ ၄**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများကို ဖြတ်သန်းသွားသည့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် မကြာခဏဆိုသလို လွှတ်ကျောင်းထားသော နွားအုပ်များကြောင့် ယာဉ်အန္တရာယ် စိုးရိမ်နေရသည်ကို မြင်တွေ့ခဲ့ရသည်။ နိုဝင်ဘာ၂ ရက် ညနေပိုင်းက ဆွာချောင်းတံတားမြောက်ဘက် အမြန်လမ်း မိုင်တိုင်အမှတ် (၁၆၇/၀) အနီး၌ ယာဉ်အသွားအလာရှုပ်ထွေးနေချိန် နွားများဖြတ်သန်းနေသည့်အတွက် ယာဉ်များကရပ်တန့်ပေးခဲ့ရသည်။

အမြန်လမ်းမကြီးဖြတ်သန်းရာ သစ်တောကြိုးဝိုင်းဒေသများတွင် ကျေးရွာများရှိပြီး လမ်းပေါ်ကို ကျွဲ/နွားများတက်ရောက်ခြင်းမရှိစေရန် သံဆန်ခါများကာရံထားသော်လည်း လိုက်နာမှုအားနည်းခြင်းနှင့် စားကျက်မြေရှားပါးမှုကြောင့် မကြာခဏဆိုသလို နွားများကို တွေ့ရှိနေရပြီး ယာဉ်မောင်းများအနေဖြင့် သစ်တောကြိုးဝိုင်းဒေသများက ဖြတ်သန်းသည့်အခါ သတိပြုရန်လိုအပ်သည်။

**ကိုလွင်(ဆွာ)**

# မြန်အောင်တွင် ယခုနှစ် မိုးလွတ်မိုးခေါင်ခြင်းကြောင့် စပါး များပျက်စီးနိုင်ပြီး လယ်သမားများအခက်အခဲဖြစ်

**မြန်အောင်၊ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်တိုက်နယ်၏ ကျေးရွာအုပ်စုများဖြစ်သော ပေါက်ကုန်းစွန်းကျေးရွာအုပ်စု၊ ကျွဲတဲကုန်းအုပ်စု၊ ငပိဆိပ်အုပ်စု၊ ကန်ဇွန်းခုံအုပ်စု၊ အိုးဘိုအုပ်စု စသည့်ကျေးရွာအုပ်စုများအတွင်း ရှိလယ်များတွင် ယခုနှစ်၌ မိုးလွတ်မိုးခေါင်ခြင်းကြောင့် စပါးများမအောင်မမြင်ဖြစ်ကာ ပျက်စီးမှုများရှိနိုင်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

ယင်းဒေသတွင် စပါးများစိုက်ပျိုးရာတွင် သက်ငယ်စပါး၊ သက်လတ်စပါးနှင့် သက်ကြီးစပါးများကို စိုက်ပျိုးကြရာ သက်ငယ်စပါးများသာ ထက်ဝက်ခန့်ရရှိပြီး သက်လတ်နှင့် သက်ကြီးစပါးများမှာ အားလုံးနီးပါးပျက်စီးနိုင်ကြောင်း ၊ ပေါက်ကုန်းစွန်းကျေးရွာတွင် မိုးစပါးစိုက်ဧက ၁၁၂၆ ဧကရှိရာ အင်းမ၊ မီးကောက်စပါးများ စိုက်ဧကဖြစ်သော ၆၀၃ ဧကမှာ တံစဉ်လွတ်နိုင်ကြောင်း (ပျက်စီးသွားမည်ဖြစ်သဖြင့် လယ်များရိတ်သိမ်းစရာမလိုတော့ပဲ အားလုံးပျက်စီးသွားနိုင်ကြောင်း)၊ လပတ်အစည်းအဝေးတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း ပေါက်ကုန်းစွန်းကျေးရွာအုပ်စုမှ မြေတိုင်း(၄) ဦးခင်အောင်ဇော်က ပြောသည်။

ပေါက်ကုန်းစွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းကလည်း အောက်တိုဘာ ၃၁ ရက် လပတ်အစည်းအဝေးတွင် စိုက်ပျိုးရေးတိုးမြှင့်ရေးအဖွဲ့သို့ ပျက်စီးနိုင်သောလယ်မြေဧကများစာရင်းကို တင်ပြထားပြီး ဖြစ်သည်။



ရွာသစ်ကုန်းကျေးရွာမှ ကိုရဲမင်းထွန်းက "လယ်တစ်ဧကကို အိမ်ကစက်နဲ့ ရေတင်လိုက်တာ ဆီဖိုး ၄၀၀၀၀ လောက်ကုန်တယ်။ စပါးကတင်း ၂၀ လောက်ပဲရတော့တယ်။ လုပ်အားခတွေ၊ စက်ငှားခတွေမပါဘူး။ အများကြီးရှုံးတာပေါ့" ဟု ပြောသည်။

"ဝါခေါင်လဆန်းကတည်းက မိုးကမရွာတော့ဘူး။ လယ် ၁၀ ဧကစိုက်တာ သက်လတ်ဖြစ်တဲ့ ကရင်မထိပ်စောင်းတို့ မီးကောက်စပါးတို့ကတော့ ခုနှစ်ရိတ်ရမှာမဟုတ်တော့ဘူး။ ပျိုးထောင်တာလည်းနောက်ကျတော့ ခုထိသက်ငယ်စပါးဖြစ်တဲ့ မနောဘေးကြားကိုတောင် မရိတ်ရသေးဘူး"ဟု ပေါက်ကုန်းစွန်းကျေးရွာရှိ လယ် ၁၀ ဧကစိုက်ပျိုးထားသည့် အသက် ၇၃ နှစ်ရှိ လယ်သမားကြီး ဦးတင်အုန်းက ပြောသည်။

ယခုကဲ့သို့ မိုးလွတ်မိုးခေါင်ခြင်းဖြစ်သောကြောင့် စိုက်ဘဏ်မှ ထုတ်ချေးထားသော တစ်ဧက ကျပ်တစ်သိန်းအား ဘဏ်ဆပ်ချိန် နောက်ဆုတ်ပေးစေချင်ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ မိုးခေါင်ခြင်းအတွက် စိုက်ပျိုးရေရရှိနိုင်ရန် စက်ရေတွင်းများကို နိုင်ငံတော်မှ တူးပေးနိုင်ရန်တင်ပြလိုကြောင်း ဒေသခံတောင်သူလယ်သမားများက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**

## ရွာသာကြီးကျေးရွာတွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်

**ဝက်လက်၊ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဝင်းအတွင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကျောင်းမှဒ်ဦးဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်နှင့် တိုင်းဒေသကြီး ပညာရေးမှူး ဦးစောမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပုံချီ သူရဦးအေးမြင့်နှင့် ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဗလာစာအုပ်၊ ဂျာနယ်စာစောင်များ၊ အားကစားပစ္စည်းများကိုလည်းကောင်း ဝန်ကြီးချုပ်က ကွန်ပျူတာတစ်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ကျေးရွာကျောင်းအကျိုးတော်ဆောင် ဦးညိုလေးကကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ရွာသာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို ၁၉၅၄ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် အ. ထ. က(တွဲ)အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အ. ထ. က (ခွဲ) အဖြစ်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

**နန်းမြင့်**





### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၂၂) အခြေခံပညာမူလွန်ကျောင်း၊ အဋ္ဌမတန်း (င) တွင် ပညာသင်ကြားနေသော မောင်ဝင်းကျော်နိုင်၏ဖခင်အမည်မှန်မှာ ဦးတင်ဝင်း(အစား) ဦးထွန်းနိုင်[၈/မလန(နိုင်)၀၆၀၁၈၆]ဖြစ်ပါကြောင်း။

ဦးထွန်းနိုင်

### တိုက်ခန်းသစ်ရောင်းမည်

သဃ်န်းကျွန်းငမိုးရိပ်(၃)နှင့်(၄)လမ်း၊ ကြွေပါကေးခင်း၊ အသင့်နေနိုင်။ 1F(12.5'x50')တစ်ခန်းကို သိန်း(၄၂၀) ညှိနှိုင်း၊

ဖုန်း- ၀၉-၄၅၀၀၄၇၅၆၉



ရွှေနဂါး

# ဂုဏ်ပြုကျေးဇူးတင်လွှာ

၃-၁၁-၂၀၁၄ ရက်တွင် Sule-Shangri-La Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ရွှေနဂါးစိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီလီမိတက်၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြွရောက်ချီးမြှင့်ပေးကြသည့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သီဆိုတီးခတ်ပေးကြသော အနုပညာရှင်များ၊ တိုက်ရိုက်ထုတ်လွှင့်မှုအတွက် စီစဉ်ရိုက်ကူးပေးသည့် Sky Net အဖွဲ့သားများ၊ အဆင်ပြေချောမွေ့ရေးဆောင်ရွက်ပေးကြသည့် Sule-Shangri-La Hotel မှ ဝန်ထမ်းများနှင့်အတူ ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာ့ရွှေနဂါးစိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက်**
**မိသားစု**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့ရွှေနဂါးစိုက်ပျိုးရေးစွမ်းအားစု ကုမ္ပဏီလီမိတက်၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အောင်မြင်မှုများ တည်တံ့နိုင်စေရန် ဆန္ဒပြုအပ်ပါသည်။

**ကိုတင်မောင်ထွန်း/**
**(ညီ)ကိုမျိုးအောင်မိသားစု**
**သုံးခွမြို့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

